http://www.dhammadownload.com

မြန်မာတွေအတွက်

# မြန်မာပရိတ်ကြီး

**သာမဏေကျော်**

မြန်မာတွေအတွက် မြန်မာပရိတ်ကြီး

သာမဏေကျော်

မြန်မာတွေအတွက်

မြန်မာပရိတ်ကြီး

သာမဏေကျော်

ဒုတိယအကြိမ်

http://www.dhammadownload.com

## မြန်မာတွေအတွက်

# မြန်မာပရိတ်ကြီး

**သာမဏေကျော်**

ဒုတိယအကြိမ်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ● | ၆၀၀၁၀၈၀၃၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | ● | ၆၀၀၃၃၂၀၆၁၀ |
| အုပ်ရေ | ● | ၂၀၀၀ |
| တန်ဖိုး | ● | ၆၀၀ ကျပ် |
| ပုံနှိပ်ခြင်း | ● | ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ။<br>ဒုတိယအကြိမ် |
| မျက်နှာဖုံး နှင့်<br>အတွင်းပုံနှိပ် | ● | ဦးသန်းဝင်း (၇၈၅၀)<br>ဝင်းပပ ပုံနှိပ်တိုက်၊<br>၁၂၄ - မဟာဗန္ဓုလလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ● | ဦးလှဝင်း (၁၃၈၂)<br>သာမဏေကျော်စာပေ |
| စာအုပ်ချုပ် | ● | ဝင်းပပ |
| အတွင်းဖလင် | ● | ကိုဦး |

**ဖြန့်ချိရေး**

**သာမဏေကျော် စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်

(လှော်ကားဥယျာဉ်အနီး)

မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း - ၇၀၉၆၈၀

---

သာမဏေကျော် ၂၉၄.၃၈၂၃

မြန်မာတွေအတွက် မြန်မာပရိတ်ကြီး / သာမဏေကျော်၊ ရန်ကုန်။

သာမဏေကျော်စာပေ၊ ဩဂုတ်လ ၂၀၁၀။

၁၁၂-စာ၊ ၁၂ x ၁၆ စင်တီ။

(၁) မြန်မာတွေအတွက် မြန်မာပရိတ်ကြီး

http://www.dhammadownload.com

# မာတိကာ


၁။ နိဒါန်း ၁

၂။ နတ်တွေကို ဖိတ်ခြင်း ၃

၃။ နှီးဆော်ချက် ၃

၄။ ဘုရားရှိခိုး ၃

၅။ နတ်တွေကို ထပ်မံဖိတ်ခြင်း ၃

၆။ နတ်တွေအား တိုက်တွန်းခြင်း ၄

၇။ တောင့်တချက် ၄

၈။ မေတ္တာဆုတောင်း ၅

၉။ မင်္ဂလသုတ် ၆

၁၀။ ရတနသုတ် ၁၃

၁၁။ မေတ္တသုတ် ၂၆

၁၂။ ခန္ဓသုတ် ၃၈

၁၃။ မောရသုတ် ၄၃

၁၄။ ဝဋ္ဋသုတ် ၄၈

၁၅။ ဓဇဂ္ဂသုတ် ၅၁

၁၆။ အာဋာနာဋိယသုတ် ၆၄

၁၇။ အင်္ဂုလိမာလသုတ် ၇၆

၁၈။ ဗောဇ္ဈင်သုတ် ၇၈

၁၉။ ပုဗ္ဗဏှသုတ် ၈၂

http://www.dhammadownload.com

၂၀။ မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ ၉၀
၂၁။ ရတနသုတ် ဖြစ်ပေါ်လာပုံ ၉၂
၂၂။ မေတ္တာသုတ်ဖြစ်ပေါ်လာပုံ ၉၅
၂၃။ ခန္ဓသုတ်ဖြစ်ပေါ်လာပုံ ၉၇
၂၄။ မောရသုတ် ဖြစ်ပေါ်လာပုံ ၉၈
၂၅။ ဝဋ္ဋသုတ် ဖြစ်ပေါ်လာပုံ ၁၀၁
၂၆။ ဓဇဂ္ဂသုတ် ဖြစ်ပေါ်လာပုံ ၁၀၃
၂၇။ အာဋာနာဋိယသုတ် ဖြစ်ပေါ်လာပုံ ၁၀၄
၂၈။ အင်္ဂုလိမာလသုတ် ဖြစ်ပေါ်လာပုံ ၁၀၆
၂၉။ ဗောဇ္ဈင်သုတ် ဖြစ်ပေါ်လာပုံ ၁၀၉
၃၀။ ပုဗ္ဗဏှသုတ် ဖြစ်ပေါ်လာပုံ ၁၁၀

http://www.dhammadownload.com

# နိဒါန်း

ပရိတ်ကြီး ၁၁ သုတ်ဆိုရင် မြန်မာဗုဒ္ဓသာသနာဝင်တွေ အဖို့ သိပြီး ရင်းနှီးပြီး ဖြစ်နေကြပါတယ်။ မင်္ဂလသုတ်နဲ့ မေတ္တာသုတ်ဟာ အထူးပိုမိုပြီး ရင်းနှီးပြီး ဖြစ်တယ်လို့ ထင်မိပါတယ်။ နှုတ်တက်လည်း ရနေကြပါတယ်။ ပါဠိဘာသာနဲ့သာ ရင်းနှီးမှု ရှိပြီး ကိုယ့်အမိ မြန်မာဘာသာနဲ့တော့ ရင်းနှီးမှု ဝေးကွာနေကြပါတယ်။ ပရိတ်ဆိုတာ နှုတ်နဲ့ရွတ်ဆိုရုံသာ ရွတ်ဆိုရတဲ့ အရာပဲလို့ ထင်မိနေတတ်ကြပါတယ်။ မြန်မာလို အဓိပ္ပာယ် နားမလည်ဘဲ ရွတ်နေရရင် ဘုရားအလိုတော်ကို တိတိကျကျ မသိရလို့ အရသာပေါ်သင့်သလောက် မပေါ်ဘဲ ရှိနေကြပါမယ်။ အန္တရာယ်လည်း ကင်းလို၊ ကုသိုလ်လည်း ပွားလိုတဲ့ ဗုဒ္ဓသာသနာဝင် အမျိုးသား၊ အမျိုးသမီး ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်တွေဟာ ပရိတ်ပါဠိတွေကို ရအောင်တော့ ကျက်မှတ်ရွတ်ဖတ်လေ့ ရှိကြပါတယ်။ မြန်မာလို အဓိပ္ပာယ် နားလည်အောင် ကြိုးစားဖို့တော့ တွန့်ဆုတ်နေတတ်ကြပါတယ်။ ဝန်လေးနေတတ်ကြပါတယ်။

http://www.dhammadownload.com



မြန်မာလို နားလည်ခွင့်ရအောင် ကြိုးစားပေးကြတဲ့ အခြားပုဂ္ဂိုလ်တွေလည်း ရှိကြပါမယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ မွန်မြတ်တဲ့ စေတနာ၊ ရည်ရွယ်ချက်နဲ့ ကြိုးစားကြ သလို သာမဏေကျော်ကလည်း သာမဏေကျော်ရဲ့ မွန်မြတ်တဲ့ စေတနာ၊ ရည်ရွယ်ချက်တွေနဲ့ ကြိုးစားလိုက်ပါတယ်။ သာမဏေကျော်ဟာ မိမိတတ်သိထားတဲ့ ပါဠိပညာရပ်ရဲ့ အကူအညီနဲ့ ပရိတ်ကြီး ၁၁ သုတ်ကို မြန်မာတွေ မြန်မာလို နားလည်ခွင့်ရအောင် ကူညီပေးလိုလာပါတယ်။ တတ်နိုင်သမျှ မြန်မာလို ရှင်းရှင်းလင်းလင်း နားလည်နိုင်အောင် ရေးသားပေးချင်လာပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က ကိုရင်လေးတွေ၊ ဖိုးသူတော်လေးတွေဟာ ပရိတ် ၁၁ သုတ်ကို သင်ယူကြရပါတယ်။ သူတို့ကိုပါ မြန်မာဘာသာနဲ့ ပရိတ်တွေကို နားလည်စေလိုပါတယ်။ မြန်မာဘာသာနဲ့ ပရိတ် ၁၁ သုတ်ကို နားလည်လိုကြတဲ့၊ နားလည်ဖို့ လိုအပ်နေကြတဲ့ မြန်မာဗုဒ္ဓသာသနာဝင်ရဟန်း၊ ရှင်၊ လူအားလုံးအတွက် ပရိတ် ၁၁ သုတ်ရဲ့ အဓိပ္ပာယ်ကို မြန်မာလိုချည်းသာ ရေးသားလိုက်ပါတယ်။ ပါဠိစာလုံးတွေကို မဖတ်တတ်လို့ ဖတ်ဖို့ဝန်လေးနေသူတွေပါ ပရိတ် ၁၁ သုတ်၏အဓိပ္ပာယ်ကို နားလည်နိုင်အောင် ကြိုးစားလိုက်ပါတယ်။ နာမည်ကိုတော့ 'မြန်မာတွေအတွက် မြန်မာပရိတ်ကြီး' လို့ ပေးလိုက်ပါတယ်။

**သာမဏေကျော်**

http://www.dhammadownload.com

## နတ်တွေကို ဖိတ်ခြင်း

ဒီစကြဝဠာရဲ့ပတ်ဝန်းကျင် စကြဝဠာတစ်သောင်းက နတ်၊ ဗြဟ္မာတွေဟာ ဒီပရိတ်တရား ဟောကြားရာဌာနသို့လာရောက်ကြပါလော့။ ဘုရားရှင်ရဲ့ နတ်ပြည်၊ နိဗ္ဗာန်အကျိုးကို ပေးတတ်တဲ့ ပရိတ်တရားတော်ကို နာယူလှည့်ကြပါလော့။

## နှိုးဆော်ချက်

အို. . . နတ်အများတို့၊ အခုအချိန်က ပရိတ်တရား နာယူဖို့ရာ အချိန်အခါ ဖြစ်ပါတယ်။

## ဘုရားရှိခိုး

ဗြဟ္မာ၊ နတ်၊ လူတွေရဲ့ ပူဇော်အထူးကို ခံယူထိုက်ပြီး ဆရာ မရှိဘဲ တရားအလုံးစုံကို အမှန်အတိုင်း သိတော်မူတဲ့ ထိုဘုရားရှင်အား ရှိခိုးပါ၏။

## နတ်တွေကို ထပ်မံဖိတ်ခြင်း

သူတော်ကောင်းတွေ ဖြစ်ကြ၊ စိတ်ငြိမ်သက်ကြ၊ ရတနာသုံးပါးကို ကိုးကွယ်ကြ၊ ကောင်းဂုဏ်အပေါင်းကို ရယူရေးမှာ အားစိုက်ကြတဲ့ ဒီစကြဝဠာနဲ့ အခြားစကြဝဠာရှိ မြေမှာ

http://www.dhammadownload.com



တည်တဲ့နတ်၊ ကောင်းကင်မှာ တည်တဲ့နတ်၊ ဗြဟ္မာတွေရော ကောင်းမြတ်တဲ့ ရွှေစင်အတိပြီး မြင်းမိုရ်တောင်မင်းမှာ နေတဲ့ သိကြားမင်း သူတော်ကောင်းပါ နှစ်သက်ဝမ်းမြောက်ရခြင်းရဲ့ အကြောင်း ကောင်းမြတ်တဲ့ ဘုရားတရားတော်ကို နာယူဖို့ရာ အညီအညွတ် လာရောက်ကြပါလော။

## နတ်တွေအား တိုက်တွန်းခြင်း

စကြဝဠာတစ်သောင်းလုံးရှိ ဘီလူး၊ နတ်၊ ဗြဟ္မာမှန်သမျှ တွေဟာ ငါတို့ပြုတဲ့ စည်းစိမ်အားလုံးကို ရစေနိုင်တဲ့ ကောင်းမှုကို ဝမ်းမြောက်ကြပြီး ဘုရားအဆုံးအမမှာ ညီညာဖွဖွ မွေ့လျော်ကြပါ။ အထူးသဖြင့် လူသားတွေကို ကာကွယ်စောင့်ရှောက်ရေးတွေမှာ မမေ့မလျော့ကြပါနဲ့။

## တောင့်တချက်

သာသနာတော်ရော၊ သတ္တဝါအပေါင်းပါ အမြဲတိုးတက်ကြီးပွားပါစေ။ သာသနာနဲ့ သတ္တဝါအပေါင်းကို နတ်တွေဟာ အမြဲစောင့်ရှောက်ကြပါစေ။ သတ္တဝါအားလုံးဟာ မိမိတို့ရဲ့ အခြွေအရံ၊ အသင်းအပင်းတွေနဲ့အတူ ချမ်းသာကြပါစေ။ ဆွေမျိုးအားလုံးနဲ့အတူ ဆင်းရဲကင်းကာ စိတ်ချမ်းသာကြပါစေ။

http://www.dhammadownload.com



## မေတ္တာဆုတောင်း

မင်းဆိုးတွေ၊ သူခိုးတွေ၊ လူဆိုးတွေ၊ ဘီလူးနတ်ဆိုးတွေ၊ အဖျက်မီးတွေ၊ အဖျက်ရေတွေ၊ မြေဘုတ်ဘီလူးတွေ၊ သစ်ငုတ်ခလုတ်တွေ၊ ဆူးငြောင့်တွေ၊ နက္ခတ်ဆိုးတွေ၊ ဇနပုဒ်မှာဖြစ်တဲ့ရောဂါဆိုးတွေ၊ မသူတော်တွေရဲ့ အကျင့်တရားတွေ၊ အယူမှားတွေ၊ သူယုတ်မာတွေ၊ ကြမ်းတမ်းတဲ့ ဆင်၊ မြင်း၊ သားရဲ၊ နွား၊ ခွေး၊ မြွေ၊ ကင်းမြီးကောက်၊ မြွေစိမ်း၊ သစ်၊ ဝံ၊ အောင်း၊ ဝက်၊ ကျွဲ၊ ဘီလူး၊ ရက္ခိုုသ် စသည်တွေ၊ ဘေးအမျိုးမျိုးတွေ၊ ရောဂါအမျိုးမျိုးတွေ၊ အန္တရာယ်အမျိုးမျိုးတွေမှ ကာကွယ်စောင့်ရှောက်ပေးမှုကို နတ်တွေဟာ ယူကြပါကုန်လော့။ (နတ်တွေက ကာကွယ်ပေး၊ စောင့်ရှောက်ပေးကြပါလော့။)

http://www.dhammadownload.com

# ၁။ မင်္ဂလသုတ်

## မင်္ဂလသုတ် အချီးအမွမ်း စကားများ

အို. . . သူတော်ကောင်းတို့၊ နတ်နဲ့တကွဖြစ်တဲ့ လူတွေက ၁၂ နှစ် ကြာအောင် မင်္ဂလာကို စဉ်းစားခဲ့ကြပါတယ်။ ဒါပေမဲ့ စီးပွားချမ်းသာဖြင့် တည်နေနိုင်ကြောင်း ကောင်းတဲ့ မင်္ဂလာကို မသိနိုင်ကြပါ။ နတ်တွေရဲ့ ကိုးကွယ်ရာ နတ်မင်းသဖွယ် ဖြစ်တော်မူတဲ့ ဘုရားရှင်ဟာ မကောင်းမှုအားလုံးကို ပယ်ဖျောက်နိုင်တဲ့ ၃၈ ဖြာ မင်္ဂလာကို သတ္တဝါအားလုံးတို့ရဲ့ စီးပွားအလို့ငှာ ဟောတော်မူထားပါတယ်။ အဲဒီ မင်္ဂလသုတ်ကို ငါတို့ ရွတ်ဆိုကြပါစို့။

(ဒီမင်္ဂလသုတ်မှာရော ကျန်တဲ့ပရိတ် ၁၀ သုတ်မှာပါ ဒီလို ချီးမွမ်းစကားတွေကို ရှေးဆရာမြတ်တွေ ရေးသားခဲ့ကြတာ ဖြစ်ပါတယ်။ ဘုရားဟောကြားတော်မူခဲ့တာ မဟုတ်ပါ)

http://www.dhammadownload.com



## မင်္ဂလာနိဒါန်း

အရှင်ဘုရား . . . (အရှင်အာနန္ဒာက အရှင်မဟာကဿပကို ခေါ်ဝေါ်တဲ့စကား ဖြစ်ပါတယ်။) တပည့်တော်ဟာ မင်္ဂလသုတ်ကို ဘုရားရှင် မျက်မှောက်တော်မှာ ဒီလိုကြားနာမှတ်သားလိုက်ရပါတယ်။

အခါတစ်ပါးမှာ ဘုရားရှင်က သာဝတ္ထိမြို့အနီးက အနာထပိဏ်သူဌေးရဲ့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါ နာမည်မထင်ရှားတဲ့ နတ်သားတစ်ပါးက သန်းခေါင်ယံအချိန်မှာ အလွန်နှစ်သက်ဖွယ်အဆင်းရှိပြီး ဇေတဝန်ကျောင်းတိုက် တစ်တိုက်လုံးကို ကိုယ်ရောင်ဖြင့် လင်းစေလျက် ဘုရားရှင်ရှိရာသို့ ချဉ်းကပ်ပါတယ်။ ဝပ်ချပါတယ်။ သင့်တင့်ရာအရပ်မှာ ရပ်နေပါတယ်။ သင့်တင့်ရာအရပ်မှာ ရပ်နေတဲ့ အဲဒီနတ်သားက ဘုရားရှင်ကို အောက်ပါစကားနဲ့ လျှောက်ထားပါတယ်။

"များစွာသော နတ်လူတွေဟာ ကြီးပွားခြင်း၊ ချမ်းသာခြင်းတွေကို လိုလားတောင့်တကြလို့ မင်္ဂလာတွေကို စဉ်းစားကြံစည်ခဲ့ကြပါတယ် ရှင်တော်ဘုရား၊ ရှင်တော်ဘုရားဟာ ကောင်းမြတ်တဲ့ မင်္ဂလာကို ဟောတော်မူပါ။"

http://www.dhammadownload.com



## မင်္ဂလာ ၃ ပါး

၁။ လူမိုက်တွေကို မပေါင်းခြင်း။

၂။ လူလိမ္မာတွေကို ပေါင်းခြင်း။

၃။ ပူဇော်ထိုက်သူတွေကို ပူဇော်ခြင်း။

ဒီ ၃ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာ (ကြီးပွားချမ်းသာကြောင်း အလုပ်တွေ) ပါပဲ။

## မင်္ဂလာ ၃ ပါး

၁။ သင့်တင့်တဲ့အရပ်မှာ နေရခြင်း။

၂။ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း။

၃။ မိမိကိုယ်၊ မိမိစိတ်ကို ကောင်းစွာ ထားခြင်း။

ဒီ ၃ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၄ ပါး

၁။ ကျမ်းစာအကြားအမြင် များခြင်း။

၂။ လက်မှုပညာတတ်ခြင်း။

၃။ ကိုယ်ကျင့်တရားကို ကောင်းစွာ သင်ယူခြင်း။

၄။ စကားကို ကောင်းစွာ ပြောဆိုခြင်း။

ဒီ ၄ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၄ ပါး

၁။ မိခင်ကို ပြုစု လုပ်ကျွေးခြင်း။

၂။ ဖခင်ကို ပြုစု လုပ်ကျွေးခြင်း။

http://www.dhammadownload.com



၃။ သား၊ သမီးနဲ့ ဇနီးတွေကို ချီးမြှောက်ခြင်း။
၄။ မရှုပ်မပွေ အလုပ်လုပ်ခြင်း။
ဒီ ၄ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၄ ပါး

၁။ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း။
၂။ သုစရိုက်တရားကို ကျင့်ခြင်း။
၃။ ဆွေမျိုးတွေကို ထောက်ပံ့ခြင်း။
၄။ အပြစ်မရှိတဲ့ အလုပ်တွေကို လုပ်ခြင်း။
ဒီ ၄ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၃ ပါး

၁။ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ခြင်း၊
ကိုယ် နှုတ်တို့ဖြင့် ရှောင်ခြင်း။
၂။ သေရည်အရက် သောက်စားမှုမှ စောင့်စည်းခြင်း။
၃။ ကုသိုလ်တရားတွေမှာ မမေ့ခြင်း။
ဒီ ၃ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၅ ပါး

၁။ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း။
၂။ ကိုယ့်ကိုယ်ကို နှိမ်ချခြင်း။
၃။ တင်းတိမ်ရောင့်ရဲခြင်း။
၄။ သူ့ကျေးဇူးကို သိတတ်ခြင်း။

http://www.dhammadownload.com



၅။ သင့်လျော်တဲ့အခါမှာ တရားနာခြင်း။
ဒီ ၅ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၄ ပါး

၁။ သည်းခံခြင်း။
၂။ ပြောဆိုဆုံးမတဲ့အခါ နားထောင် လိုက်နာလွယ်ခြင်း။
၃။ ငြိမ်သက်တဲ့ ရဟန်းတော်တွေကို ဖူးမြင်ခြင်း။
၄။ သင့်တော်တဲ့အခါမှာ တရားစကား
ဆွေးနွေးမေးမြန်းခြင်း။
ဒီ ၄ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၄ ပါး

၁။ ကိလေသာကင်းစင်ဖို့ ထိန်းတဲ့ အကျင့်ကို ကျင့်ခြင်း။
၂။ မေထုန်မှ ရှောင်ခြင်း။
၃။ အရိယသစ္စာကို မြင်ခြင်း။
၄။ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။
ဒီ ၄ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလာ ၄ ပါး

၁။ လောကဓံတရားတွေ တွေ့ထိ နှိပ်စက်ခံရတဲ့အခါ
စိတ် မတုန်လှုပ်ခြင်း။
၂။ ဝမ်းမနည်းခြင်း။

http://www.dhammadownload.com



၃။ မမက်မောခြင်း။

၄။ ဘေးမရှိခြင်း။

ဒီ ၄ ပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

## မင်္ဂလသုတ်လင်္ကာ

၁။ လူဆိုး ရှောင်ကြဉ်၊ လူကောင်းတွင်၊
အသင် ပေါင်းရသည်။

၂။ ပူဇော်ထိုက်ငြား၊ ပုဂ္ဂိုလ်များ၊ လေးစားပူဇော် ရပါသည်။

၃။ သင့်ရာဒေသ၊ နေထိုင်ရ၊ ရှေးက ကံကောင်း ရှိရသည်။

၄။ ကိုယ့်ရဲ့ဘဝ၊ ကောင်းအောင်ပ၊ လို့လပြုရသည်။

၅။ ကြားမြင်များရ၊ လက်မှုက၊ တတ်ရ ကျွမ်းရသည်။

၆။ ကိုယ်နှုတ်စိတ်မှာ၊ ဆုံးမတာ၊ ကောင်းစွာ သင်ရသည်။

၇။ စကားကောင်း ပြော၊ အမိရော၊ ဖရော ပြုစုသည်။

၈။ သားနဲ့ သမီး၊ ချစ်ဇနီး၊ ချီးချီးမြှောက်မြှောက် ရှိရသည်။

၉။ အလုပ်ကိစ္စ၊ ရှုပ်ကင်းရ၊ ဒါန ပြုရသည်။

၁၀။ ကျင့်ကောင်း (၁၀) ဖြာ၊ ကျင့်ရပါ၊
ဆွေညာ ထောက်ရသည်။

၁၁။ အပြစ်ကင်းငြား၊ အလုပ်များ၊ ကြိုးစားလုပ်ရသည်။

၁၂။ မကောင်း ဖြစ်ရင်၊ ကိုယ်နှုတ်ပြင်၊
စိတ်တွင် ရှောင်ရသည်။

၁၃။ မူးယစ်စေငြား၊ အရာများ၊ သုံးစားရှောင်ရသည်။

http://www.dhammadownload.com



၁၄။ ကုသိုလ်တရား, မမေ့ငြား, လေးစားနှိမ်ချသည်။
၁၅။ ရောင့်ရဲလေဘိ, ကျေးဇူးသိ, နာ၍ တရားအလီလီ။
၁၆။ သည်းခံတတ်ရ, ဆုံးမက, လွယ်ရပါပေသည်။
၁၇။ ရှင်ရဟန်းများ, ဖူးမြော်ငြား, တရားဆွေးနွေးသည်။
၁၈။ ဣန္ဒြေစောင့်ပါ, ကျင့်မြတ်မှာ, ကျင့်ကာ မှန်မြင်သည်။
၁၉။ နိဗ္ဗာန် မြင်ကာ, ရဟန္တာ, ဖြစ်ကာ သွားရသည်။
၂၀။ လောကဓံကြုံ, စိတ်မတုန်, မျိုးစုံသောက ကင်းလေပြီ။
၂၁။ မြူ ကိလေသာ, ကင်းစင်ကွာ, ဘေးပါ ကင်းလေပြီ။
၂၂။ ကြီးပွားချမ်းသာ, ဖြစ်စေတာ, မင်္ဂလာ မည်ပါသည်။
၂၃။ (၃၈)ပါး, မင်္ဂလာများ, ဘုရား ဟောခဲ့သည်။

ဒီမင်္ဂလာတွေကို ပြုလုပ်ကြပါရင် မည်သည့်ရန်သူကမှ အနိုင်မရဘဲ (မိမိကသာ အောင်နိုင်ပြီး) နေရာအားလုံးတွေမှာ ချမ်းသာခြင်းသို့ ရောက်ကြရပါတယ်။ အဲဒီ မင်္ဂလာရှိသူတွေရဲ့ ၃၈ ဖြာ အဲဒီမင်္ဂလာဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

**မင်္ဂလသုတ် ပြီးပါပြီ။**

❑

http://www.dhammadownload.com

## ၂။ ရတနသုတ်

## ရတနသုတ်ကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့ ဒီပင်္ကရာဘုရားရှင်ထံ ဘုရားဆုပန်ချိန်ကစပြီး သူသူငါငါ ဖြည့်နိုင်တဲ့ ပါရမီ ၁၀ ပါး၊ မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက်၊ ပျက်တန်ပျက်မျှ ဖြည့်ရဆယ်လီ၊ အလယ်အလတ်ဖြစ်တဲ့ ဥပပါရမီတွေ၊ အသက်ကိုမျှ မငဲ့ရဘဲ ဖြည့်ရဆယ်လီ အမြတ်ဆုံး ပါရမီတွေဆိုတဲ့ အမျှအညီ ပါရမီ ၃၀၊ စွန့်ခြင်းကြီး ၅ပါး၊ သတ္တဝါအများအတွက် ကျင့်မှု၊ ဆွေမျိုးများအတွက် ကျင့်မှု၊ ဘုရားဖြစ်ရေးအတွက် ကျင့်မှုဆိုတဲ့ အကျင့် ၃ ပါး၊ ဘုရားဖြစ်မယ့် နောက်ဆုံးဘဝမှာ ပဋိသန္ဓေနေခြင်း၊ ဖွားမြင်ခြင်း၊ တောထွက်ခြင်း၊ ဒုက္ကရစရိယာကျင့်ခြင်း၊ ဗောဓိပင်ခြေ ပလ္လင်ဗွေမှာ မာရ်ငါးပါးကို အောင်မြင်ခြင်း၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိခြင်း၊ ဓမ္မစကြာတရားဟောခြင်း၊ လောကုတ္တရာ တရား ၉ ပါးဆိုတဲ့ ဒီဂုဏ်အားလုံးတို့ကို ဆင်ခြင်ပြီး ဝေသာလီပြည် တံတိုင်းသုံးထပ်အကြားတွေမှာ ညဥ့်သုံးယံပတ်လုံး ပရိတ်အရံအတားကို အရှင်အာနန္ဒာ

http://www.dhammadownload.com



ဟာ ပြုတော်မူခဲ့ပါတယ်။ အဲဒီ အရှင်အာနန္ဒာပမာ ကရုဏာ စိတ်ထားကာ ငါတို့ဟာ ဒီရတနသုတ်ပရိတ်တော်ကို ရွတ်ဆို ကြပါစို့။

အဲဒီ ရတနသုတ်ပရိတ်တော်ရဲ့ အရှိန်အဝါအာဏာကို စကြာဝဠာတစ်သိန်းရှိ နတ်၊ ဗြဟ္မာတွေက ခံယူကြပါတယ်။ အဲဒီ ရတနသုတ် ပရိတ်တော်ဟာ ဝေသာလီပြည်မှာ ရောဂါ ထူးခြား ဘီလူးများနဲ့အစာ ရှားပါးခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ဘေး ၃ မျိုးကိုလည်း လျင်မြန်စွာ ကွယ်ပျောက်စေခဲ့ဖူးပါတယ်။

## နတ်တွေကို တိုက်တွန်းစကား

ဒီအရပ်မှာ စည်းဝေးရောက်လာကြတဲ့ မြေပြင်ရှိ နတ်တွေ၊ ကောင်းကင်ရှိ နတ်တွေအားလုံးတို့ဟာ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြကုန်လော့။ ပြီးတော့ ငါဘုရားရဲ့ တရားတော်ကို ရိုသေစွာ နာယူကြကုန်လော့။

## ၂။ ရတနသုတ် လင်္ကာ

## နတ်တွေကို တိုက်တွန်းစကား

၁။ ဒီမှာ ရောက်ပေ, နတ်ထွေထွေ,
ရွှင်လေ ဝမ်းမြောက်လေ။

၂။ ငါ့တရားမှာ, ရိုသေစွာ, သေချာ နာကြလေ။

http://www.dhammadownload.com



## နတ်တွေကို တိုက်တွန်းဆုံးမစကား

အို. . . နတ်အများတို့ တရားနာဖို့ ငါဘုရား တိုက်တွန်းခဲ့လို့ သင်တို့ နားစိုက်ကြလော့။ သင်တို့အားလုံးဟာ လူသားတွေအပေါ်မှာ မေတ္တာထားကြလော့။ လူတွေက နေ့ရော ညဉ့်ပါ ပူဇော်ဖွယ်ရာကို ပို့ဆောင် ပူဇော်ကြလို့ အဲဒီလူတွေကို သင်တို့က မမေ့ကြဘဲ စောင့်ရှောက်ကြပါ။

## နတ်တွေကို တိုက်တွန်း ဆုံးမစကား

၁။ အို နတ်အများ, သင်တို့ကား, နားစိုက် ထောင်ကြပါ။

၂။ လူသားတွေမှာ, သင်တို့ဟာ, မေတ္တာ ထားကြပါ။

၃။ နေ့ရော ညပါ, လူတို့ဟာ, ပူဇာ ပြုကြပါ။

၄။ ပူဇော်ကြပြား, လူတွေအား, စောင့်သွား မမေ့ရာ။

## ဘုရားရတနာနဲ့ သစ္စာဆိုပုံ

လူ့ပြည်၊ နဂါး၊ ဂဠုန် စတဲ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တွေမှာ ရှိသမျှ ကောင်းမြတ်တဲ့ ရတနာတွေထဲမှာ ဘုရားရတနာနဲ့တူတဲ့ ရတနာဆိုတာ မရှိနိုင်ပါ။ ဒီဘုရားရတနာဟာလည်း လောကီရတနာတွေထက် သာလွန်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

http://www.dhammadownload.com



## ဘုရားရတနာနဲ့ သစ္စာဆိုပုံ

၁။ လူ့ပြည် နတ်ပြည်, နဂါးပြည်, ရှိသည် ရတနာ။

၂။ ဘုရားနဲ့ တူပါ, ရတနာ, ဘယ်မှာ မရှိပါ။

၃။ လောကီ ရတနာထက်သာ, ဘုရားဟာ,
လွန်ကာ မြင့်မြတ်ပါ။

၄။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## နိဗ္ဗာန်တရားနဲ့ သစ္စာဆိုပုံ

နိဗ္ဗာန်ဟာ ရုပ်နာမ်ဆူဆူ အပူခပ်သိမ်း ကုန်ငြိမ်းရာလည်း ဖြစ်ပါတယ်။ ရုပ်နာမ်အဆက် အကုန်ပျက်သဖြင့် မတပ်မက်ရာလည်း ဖြစ်ပါတယ်။ ဇရာ၊ မရဏ ရှာမရသဖြင့် ကာလပုံသေ အမြဲတေလည်း ဖြစ်ပါတယ်။ အရသာရှိဘောဇဉ်၏သို့ သိ၍မဝ မွန်မြတ်ပါပေတယ်။ အဲဒီနိဗ္ဗာန်ကို အရိယမဂ်သမာဓိ ရှိတဲ့ ဘုရားရှင်ဟာ ရရှိခဲ့ပါတယ်။ အဲဒီ နိဗ္ဗာန်နဲ့တူတဲ့ ရတနာ တစ်ခုမှ မရှိပါ။ အဲဒီ နိဗ္ဗာန်တရားဟာလည်း လောကီ၊ လောကုတ္တရာ ရတနာတွေထက် သာလွန်မြင့်မြတ်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## နိဗ္ဗာန်တရားနဲ့ သစ္စာဆိုပုံ

၁။ ရုပ်နာမ်တွေဟာ, နိဗ္ဗာန်မှာ, ကုန်ကာ ငြိမ်းကြပါ။

၂။ မတပ်မက်ရာ, မသေရာ, သိရာ မဝပါ။

http://www.dhammadownload.com



၃။ ဒီနိဗ္ဗာန်အား, မြတ်ဘုရား, ရထားခဲ့လေပါ။
၄။ နိဗ္ဗာန်နဲ့ တူပါ, ရတနာ, ဘယ်မှာ မရှိပါ။
၅။ ဒီနိဗ္ဗာန်ဟာ, ခြားထက် သာ, ရတနာ ဖြစ်ပါ။
၆။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## အရိယမဂ် သမာဓိတရားနဲ့ သစ္စာဆိုပုံ

ဘုရားမြတ်က ကိလေသာကင်း အလွန်သန့်ရှင်းဖြူစင်တဲ့ အရိယမဂ်သမာဓိကို နည်းအမျိုးမျိုးနဲ့ ချီးကျူးခဲ့ပါတယ်။ အဲဒီအရိယမဂ် သမာဓိကိုပဲ မိမိရဲ့ အခြားမဲ့မှာ ဖိုလ်အကျိုးကို ပေးတတ်တဲ့ သမာဓိလို့လည်း ဘုရားရှင်တွေက မိန့်တော်မူခဲ့ကြပါတယ်။ အဲဒီအရိယမဂ်သမာဓိနဲ့ တူညီတဲ့သမာဓိ မရှိပါ။ ဒီအရိယမဂ် သမာဓိတရားဟာလည်း သမာဓိအားလုံးထက် သာလွန်မြင့်မြတ်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## အရိယမဂ်သမာဓိတရားနဲ့ သစ္စာဆိုပုံ

၁။ မဂ်သမာဓိအား, မြတ်ဘုရား, နည်းများစွာနဲ့ ချီးကျူးပါ။
၂။ အခြားမဲ့မှာ, ဖိုလ်ကျိုးပါ, ပေးပါ ထိုမဂ်ဟာ။
၃။ ထိုနဲ့ တူဘိ, သမာဓိ, မရှိ အမှန်ပါ။
၄။ သမာဓိတွေမှာ, သူသည်သာ, အသာဆုံး ဖြစ်ပါ။
၅။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

http://www.dhammadownload.com



## အရိယာသံဃာနဲ့ သစ္စာဆိုပုံ

ဘုရားစတဲ့ သူတော်ကောင်းတွေ ချီးမွမ်းခံရတဲ့ အရိယာတွေက ၈ ပါးရှိရာ အစုံအားဖြင့် ၄ စုံ ရှိပါတယ်။ ဘုရားရဲ့ တပည့်ဖြစ်ကြတဲ့ အဲဒီအရိယာတွေက အလှူကောင်း၊ အလှူမှန်ကို ခံယူထိုက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်။ အဲဒီ အရိယာတွေအား လှူရတဲ့ အလှူတွေက အကျိုး ကြီးမားကြပါတယ်။ အဲဒီအရိယာသံဃာရတနာဟာလည်း အလှူခံပုဂ္ဂိုလ်တွေထဲမှာ သာလွန်မြင့်မြတ်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## အရိယာသံဃာနဲ့ သစ္စာဆိုပုံ

၁။ အရိယာ (၈) ပါး, အစုံကား, (၄) ပါး ရှိလေပါ။
၂။ သူတော်ကောင်းတွေ, ချီးမွမ်းပေ, သူတို့တွေ ဖြစ်ပါ။
၃။ အလှူကောင်းတွေ, ခံထိုက်ပေ, သူတို့တွေ ဖြစ်ပါ။
၄။ အရိယာတို့အား, လှူလေငြား, လှူကား ကျိုးကြီးပါ။
၅။ အလှူခံမှာ, အရိယာ, အသာဆုံး ဖြစ်ပါ။
၆။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## ရဟန္တာသံဃာနဲ့ သစ္စာဆိုပုံ

ရဟန္တာတွေဟာ မြဲမြံတည်တံ့တဲ့ သမာဓိနဲ့ လွန်စွာ ကြိုးစားတော်မူကြပါတယ်။ ဂေါတမဘုရားသာသနာမှာ ကိလေသာတွေမှ လွတ်မြောက်တော်မူကြပါတယ်။ နိဗ္ဗာန်သို့ အာရုံယူ

http://www.dhammadownload.com



ကာ သက်ရောက်တော်မူကြပါတယ်။ အဖိုးအခ မပေးရဘဲ အလွယ်တကူ ရကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူကြပါတယ်။ အရဟတ္တဖိုလ်ပေါက်အောင် ဆိုက်ရောက်တော်မူကြပါတယ်။ အဲဒီ ရဟန္တာ သံဃာရတနာဟာလည်း အရိယာတွေထဲမှာ သာလွန်မြင့်မြတ်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## ရဟန္တာသံဃာနဲ့ သစ္စာဆိုပုံ

၁။ ရဟန္တာတွေဟာ, တည်တံ့စွာ, လွန်စွာ ကြိုးစားပါ။
၂။ ဘုရားသာသနာမှာ, ကိလေသာ, လွတ်ကာ နေကြပါ။
၃။ နိဗ္ဗာန်အာရုံ, ယူပြီးကုန်, ရောက်ကုန် နိဗ္ဗာန်မှာ။
၄။ အဖိုးအခ, မပေးရ, ရကြ ဖိုလ်ချမ်းသာ။
၅။ အရဟတ္တဖိုလ်ထိ, ဆိုက်ရောက်ဘိ, ရရှိ ရဟန္တာ။
၆။ အရိယာထဲမှာ, ရဟန္တာ, အသာဆုံး ဖြစ်ပါ။
၇။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## သောတာပန်သံဃာနဲ့ သစ္စာဆိုပုံ

မြေကြီးထဲဝင်မြှုပ်တည်နေတဲ့ တံခါးတိုင်ကြီးကို အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းတွေက လှုပ်ရှားစေဖို့ မတတ်နိုင်ကြပါ။ မဂ်ဉာဏ်နဲ့ အရိယသစ္စာတွေကို သိမြင်တဲ့ သောတာပန်ဟာ အဲဒီတံခါးတိုင်ကြီးနဲ့ တူတဲ့ သူတော်ကောင်းပဲလို့ ငါဘုရားက ဟောတော်မူတယ်။ အဲဒီသောတာပန်

http://www.dhammadownload.com



အရိယာ သံဃာရတနာဟာလည်း ပုထုဇဉ်တွေထက် သာလွန် မြင့်မြတ်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## သောတာပန်သံဃာနဲ့ သစ္စာဆိုပုံ

၁။ တံခါးတိုင်ကား, မြေစိုက်ထား, လှုပ်ရှား မရှိပါ။
၂။ အရပ်(၄)မျက်နှာ, လေပြင်း လာ, သူဟာ မလှုပ်ပါ။
၃။ ထိုနည်းတူစွာ, အရိယာ, သောတာပန်ဟာ မလှုပ်ပါ။
၄။ အရိယသစ္စာ, ဉာဏ်ဖြင့်သာ, သူဟာ မြင်လို့ပါ။
၅။ ပုထုဇဉ်ထက်သာ, အရိယာ, လွန်ကာ မြင့်မြတ်ပါ။
၆။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## သောတာပန်သံဃာနဲ့ သစ္စာဆိုပုံ

နက်နဲပညာရှင် ဘုရားရှင်က အရိယသစ္စာတွေကို ကောင်းစွာ ဟောကြားထားပါတယ်။ သောတာပန်တွေက အဲဒီ အရိယသစ္စာတွေကို မဂ်ဉာဏ်နဲ့ ထင်ရှားစွာ သိကြပါတယ်။ အဲဒီသောတာပန်တွေဟာ စည်းစိမ်ယစ်ပြီး အလွန် အကဲ မေ့လျော့ကြပေမယ့် ၈ ကြိမ်မြောက်ဘဝကို ယူရိုးမရှိကြတော့ပါ။ ဒီသောတာပန် အရိယသံဃာရတနာဟာလည်း ပုထုဇဉ်တွေထက် သာလွန်မြင့်မြတ်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

http://www.dhammadownload.com



သောတာပန်ဟာ သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံတာနဲ့ တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ တရားသုံးပါးနဲ့ အခို့ကိလေသာတွေကို ပယ်ပြီး ဖြစ်သွားပါတယ်။ အပါယ်လေးပါးတို့မှလည်း လွတ်မြောက်ပြီး ဖြစ်သွားပါတယ်။ ရှန့်ရင်းတဲ့ မကောင်းမှုတွေကိုလည်း ပြုခြင်းငှာ မထိုက်တော့ပါ။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

သောတာပန်ဟာ ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ မကောင်းမှုကို လွန်ကျူးမိပေမယ့် အဲဒီမကောင်းမှုကို ကွယ်ကာ ဖုံးကွယ်သူ မဖြစ်နိုင်ပါ။ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်ပြီးတဲ့ သောတာပန်ဟာ မိမိပြုတဲ့ မကောင်းမှုကို မဖုံးကွယ်ထိုက်သူ ဖြစ်တယ်လို့ ဘုရားရှင် ဟောတော်မူထားပါတယ်။ ဒီသောတာပန် အရိယာသံဃာရတနာဟာလည်း ပုထုဇဉ်တွေထက် သာလွန်မြင့်မြတ်တဲ့ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## သောတာပန်သံဃာနဲ့ သစ္စာဆိုပုံ

၁။ နက်နဲဉာဏ်နှင့်, ဟောထားလင့်, (၄) ဆင့် သစ္စာပါ။
၂။ ထို (၄) သစ္စာ, သိထားပါ, သောတာပန် ပုဂ္ဂိုလ်ဟာ။
၃။ သောတာပန်ဟာ, လွန်ကဲစွာ, မေ့ကာ နေလေပါ။
၄။ သို့သော် သူက, အဋ္ဌမ, ဘဝ မယူပါ။
၅။ ပုထုဇဉ်ထက်သာ, အရိယာ, လွန်ကာ မြင့်မြတ်ပါ။
၆။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

http://www.dhammadownload.com



၁။ သောတာပန်မှာ, မဂ်ဉာဏ် လာ, ပယ်ခွါ ဒီ (၃) ဖြာ။
၂။ ဝိစိကိစ္ဆာ, ဒိဋ္ဌိပါ, တစ်ဖြာ သီလဗ္ဗတာ။
၃။ အချို့ကိလေသာ, ထပ် ပယ်ခွါ, လွတ်ပါ ပါယ် (၄) ဖြာ။
၄။ ရုန့်ရင်းကြောင်းစု, မကောင်းမှု, မပြုထိုက်တော့ပါ။
၅။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

၁။ ကိုယ်နဲ့ နှုတ်နဲ့, စိတ်ကြံနဲ့, ပြုရဲ့ မကောင်းတာ။
၂။ သို့သော် သူဟာ, မကောင်းတာ, ဖုံးတာ မရှိပါ။
၃။ နိဗ္ဗာန်မြင်ငြား, ထိုသူကား, ဖုံးငြား မထိုက်ပါ။
၄။ ပုထုဇဉ်ထက်သာ, အရိယာ, သောတာပန် ဖြစ်ပါ။
၅။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## ဘုရားရတနာနဲ့ သစ္စာဆိုပုံ

နွေလတွေထဲက နွေဦးအစဖြစ်တဲ့ တန်ခူးလမှာ ကောင်းစွာ ပွင့်ပြီး အဖျားချင်း ထိစပ်နေတဲ့ တောအုပ်ဟာ အသရေ ရှိတယ်။ ဘုရားတရားတော်မြတ်ဟာ အဲဒီတောအုပ်နဲ့ တူပါတယ်။ နိဗ္ဗာန်သို့ ရောက်စေနိုင်ပါတယ်။ အမြတ်ဆုံးစီးပွားဖြစ်တဲ့ နိဗ္ဗာန်အလို့ငှာ အဲဒီတရားတော်ကို ဘုရားရှင်က ဟောတော်မူခဲ့ပါတယ်။ ဒီဘုရားရတနာဟာလည်း ပုထုဇဉ်အရိယာတွေထက် သာလွန်မြင့်မြတ်တဲ့ ရတနာဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

http://www.dhammadownload.com



ဘုရားရှင်ဟာ နတ်လူအများ လိုလားတောင့်တခံရတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အမြတ်ဆုံး နိဗ္ဗာန်ကို သိတော်မူပါတယ်။ တရားမြတ်ကို ပေးတော်မူတတ်ပါတယ်။ ရှေးဟောင်းကျင့်စဉ် လမ်းမြတ်ကို ယူဆောင်တော်မူတတ်ပါတယ်။ အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီ ဘုရားရှင်က တရားတော်မြတ် အရပ်ရပ်ကို ဟောကြားတော်မူပါတယ်။ ဒီဘုရားရတနာဟာ ပုထုဇဉ်၊ အရိယာတွေထက် သာလွန်မြင့်မြတ်တဲ့ ရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## ဘုရားရတနာနဲ့ သစ္စာဆိုပုံ

၁။ နွေဦးအစ, တန်ခူးလ, ပွင့်ကြ ပွင့်ဖြာဖြာ။
၂။ အဖျားချင်းထိ, ပွင့်ကြသည့်, ပွင့်ရှိ တောအုပ်မှာ။
၃။ အသရေရှိကာ, တင့်တယ်ပါ, ပွင့်ရာ တောအုပ်ဟာ။
၄။ ထိုတောအုပ်ပမာ, တရားဟာ, တူကာ နေလေပါ။
၅။ တရားမြတ်ဟာ, နိဗ္ဗာန်ရွာ, သေချာ ပို့ပေးပါ။
၆။ နိဗ္ဗာန်လို့ဌာ, ဘုရားဟာ, ဟောပါ မြတ်ဓမ္မာ။
၇။ ပုထုဇဉ်-အရိယာ, တို့ထက် သာ, မြတ်စွာဘုရားပါ။
၈။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

၁။ လူနတ်အများ, မြတ်ဘုရား, လိုလားခံရသည်။
၂။ မြတ်ဆုံးမည်စွ, နိဗ္ဗာန, ဗုဒ္ဓ သိပါသည်။

http://www.dhammadownload.com



၃။ ရှေးဟောင်းကျင့်မှတ်, လမ်းစဉ်မြတ်,
ဆောင်တတ်ပါပေသည်။
၄။ ဒီလောကမှာ, မြတ်ဆုံးပါ, မြတ်စွာဘုရားသည်။
၅။ ပုထုဇဉ်-အရိယာ, တို့ထက်သာ, မြတ်စွာဘုရားသည်။
၆။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## ရဟန္တာသံဃာရတနာနဲ့ သစ္စာဆိုပုံ

ရဟန္တာတွေမှာ ရှေးအတိတ်ကံဟောင်းလည်း ကုန်သွားပြီး ကံအသစ်လည်း ဖြစ်ပေါ်ခြင်း မရှိတော့။ နောင်ဖြစ်ရမယ့် ဘဝသစ်မှာ တွယ်တာစိတ်လည်း ကင်းတော်မူကြပါတယ်။ အဲဒီ ရဟန္တာတွေမှာ ပဋိသန္ဓေမျိုးစေ့လည်း ကုန်သွားပြီး ဘဝသစ်ဆက်ဖြစ် စည်ကားရေးမှာ တွယ်တာတဲ့ဆန္ဒလည်း မရှိတော့ပါ။ အဲဒီရဟန္တာပညာရှင်တွေဟာ ဒီဆီမီး ငြိမ်းသွားသလို ဝဋ္ဋဇာတ်သိမ်းကာ ငြိမ်းတော်မူကြပါပြီ။ ဒီရဟန္တာ သံဃာရတနာဟာလည်း အရိယာတွေထဲမှာ အမြတ်ဆုံးရတနာ ဖြစ်ပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## ရဟန္တာသံဃာရတနာနဲ့ သစ္စာဆိုပုံ

၁။ ရဟန္တာမှာ, ကံဟောင်းဟာ, ကုန်ကာ သွားပေပြီ။
၂။ ကံအသစ်ဟာ, သူ့ထံမှာ, ဖြစ်တာ မရှိပြီ။
၃။ နောင်ဘဝမှာ, တွယ်အတာ, သူ့မှာ ကင်းနေသည်။
၄။ သန္ဓေမျိုးဟာ, သူ့ဆီမှာ, ကုန်ကာ သွားပါသည်။

http://www.dhammadownload.com



၅။ ဘဝသစ်ဆက်, ဖြစ်ရေးတွက်, လိုချက် မရှိပြီ။
၆။ ဆီမီးငြိမ်းသွား, ပမာလား, ငြိမ်းသွား ဝဋ္ဋဇာတ်သည်။
၇။ အရိယာထဲမှာ, ရဟန္တာ, အသာဆုံး ဖြစ်သည်။
၈။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## သိကြားမင်း ရွတ်ဆိုတဲ့ စကားများ

မြေပြင်ရှိနတ်တွေနဲ့ ကောင်းကင်ရှိနတ်တွေဟာ ဒီအရပ်မှာ စည်းဝေးလျက် ရှိကြပါတယ်။ ငါတို့နတ်တွေဟာ နတ်လူတွေရဲ့ အပူဇော်ခံ ဘုရားရှင်ကို ရှိခိုးကြပါတယ်။ နတ်လူတွေရဲ့ အပူဇော်ခံတရားတော်ကို ရှိခိုးကြပါတယ်။ နတ်လူတွေရဲ့ အပူဇော်ခံသံဃာတော်ကို ရှိခိုးကြပါတယ်။ သတ္တဝါတွေ ချမ်းသာကြပါစေ။

## သိကြားမင်း ရွတ်ဆိုတဲ့ စကားများ

၁။ မြေပြင်ရှိနတ်, ကောင်းကင်နတ်, ရောက်လတ် ဒီရပ်မှာ။
၂။ နတ်လူအရပ်ရပ်, ပူဇော်အပ်, သုံးရပ် ရတနာ။
၃။ ဘုရား-တရား, သံဃာကား, သုံးပါး ရတနာ။
၄။ ငါနတ်တို့ဟာ, ရတနာ, သုံးဖြာ ရှိခိုးပါ။
၅။ သတ္တဝါတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။

**ရတနသုတ် ပြီးပါပြီ။**

❐

http://www.dhammadownload.com

# ၃။ မေတ္တာသုတ်

## မေတ္တာသုတ် အချီးအမွမ်းစကားများ

အို. . . သူတော်ကောင်းတို့၊ မေတ္တာသုတ်ပရိတ်တော်ရဲ့ အစွမ်းကြောင့် ရက္ခစိုးနတ်တွေဟာ ကြောက်ဖွယ်အာရုံကို မပြကြတော့ပါ။ ပြီးတော့လည်း မေတ္တာသုတ်ပရိတ်တော်မှာ သာ နေ့ရော၊ ညဥ့်ပါ အခါခပ်သိမ်း မပျင်းရိဘဲ ရွတ်ဖတ် ပွားများ အားထုတ်နေသူဟာ ချမ်းသာစွာ အိပ်ရတယ်။ အိပ်ပျော် နေစဉ်လည်း အိပ်မက်ဆိုး တစ်စုံတစ်ခုကိုမျှ မမြင်မမက်ရပါ။ ဒီလိုစတဲ့ အကျိုးဂုဏ်အင်တွေနဲ့ ပြည့်စုံတဲ့ အဲဒီမေတ္တာသုတ် ပရိတ်တော်ကို ငါတို့ဟာ ရွတ်ဆိုကြပါစို့။

## မေတ္တာမပွားမီ ရှေ့အဖို့က စပြီး ပြည့်စုံသင့်တဲ့ ကျင့်ဝတ် (၁၅) ပါး

အကျိုးစီးပွား အစစ်အမှန်မှာ သိနားလည်တဲ့သူဟာ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင် ဆိုက်ရောက် ပြီးနေလိုရင် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အကျင့်ကို မုချ ကျင့် သင့်ပါတယ်။

http://www.dhammadownload.com



၁။ အဲဒီအကျင့်ကို ကိုယ့်အသက်ပါ၊ မငဲ့ညှာဘဲ၊
လွန်စွာ ကြိုးပမ်း၊ ကျင့်စွမ်းနိုင်ရပါတယ်။
၂။ ကိုယ်နှုတ်နှစ်ပါး၊ မလှည့်စားဘဲ၊
ရိုးသားမြင့်မြတ်၊ ဖြောင့်မတ်ရပါတယ်။
၃။ စိတ်နေစိတ်ထား၊ မလှည့်စားဘဲ၊
ရိုးသားမြင့်မြတ်၊ လွန်ဖြောင့်မတ်ရပါတယ်။
၄။ ဆိုဆုံးမ လွယ်ရပါတယ်။
၅။ နူးညံ့ ပျော့ပျောင်းရပါတယ်။
၆။ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး
သူတစ်ပါးကို မထီမဲ့မြင် မပြုရပါ။
၇။ ရောင့်ရဲလွယ်ရပါတယ်။
၈။ ဒကာ၊ ဒကာမတွေက
ပြုစုမွေးမြူလွယ်သူ ဖြစ်ရပါတယ်။
၉။ မလွှဲမကင်းသာတဲ့ ကိစ္စမှတစ်ပါး
အခြားကိစ္စ နည်းပါးရပါတယ်။
၁၀။ အသုံးအဆောင်ပစ္စည်းမများဘဲ
ပေါ့ပါးတဲ့ဖြစ်ခြင်း (ပေါ့ပေါ့ပါးပါး) ရှိရပါတယ်။
၁၁။ မျက်စိ စတဲ့ ဣန္ဒြေတွေ ငြိမ်သက်ရပါတယ်။
၁၂။ ရင့်ကျက်တဲ့ ဆင်ခြင်ဉာဏ် ရှိရပါတယ်။
၁၃။ ကြမ်းတမ်းရိုင်းပျခြင်း ကင်းပြီး
ယဉ်ကျေးသိမ်မွေ့ရပါတယ်။

http://www.dhammadownload.com



၁၄။ ဒကာ၊ ဒကာမတွေအပေါ်
မက်မောတွယ်တာမှု ကင်းရပါတယ်။

၁၅။ ပညာရှိတွေ အပြစ်တင်ဖွယ်၊ ကဲ့ရဲ့ဖွယ်ဆိုရင် အသေးအဖွဲ့ မကောင်းမှု တစ်စုံတစ်ခုကိုတောင် မပြုလုပ်ရပါ။

## ၃။ မေတ္တာသုတ်လင်္ကာ

## မေတ္တာ မပွားမီ ရှေ့အဖို့က စပြီး ပြည့်စုံသင့်တဲ့ ကျင့်ဝတ် (၁၅) ပါး

၁။ စီးပွားအစစ်, နားလည်လစ်, ကျင့်ပစ် ကျင့် (၃) ဖြာ။

၂။ အကျင့် (၃) ဖြာ, ကျင့်ရာမှာ, စွမ်းတာ ရှိရပါ။

၃။ ကိုယ်နှုတ်နှစ်ပါး, မလှည့်စား, ရိုးသားဖြောင့်မတ်ရာ။

၄။ စိတ်နေစိတ်ထား, မလှည့်စား, ရိုးသားဖြောင့်မတ်ရာ။

၅။ ဆုံးမလွယ်ရ, နူးညံ့ရ, မာန မကြီးရာ။

၆။ ရောင့်ရဲလွယ်ရ, မွေးမြူရ, လွယ်ရသူ ဖြစ်ရာ။

၇။ ကိစ္စနည်းပါး, ပေါ့ပေါ့ပါး, သက်မျှား မွေးရပါ။

၈။ ဣန္ဒြေငြိမ်သက်, ဉာဏ်ရင့်ကျက်, ရိုင်းချက် ကင်းရပါ။

၉။ အမျိုးတွေမှာ, မက်မောတာ, တွယ်တာ ကင်းရပါ။

၁၀။ ပညာရှင်မြင်ဝယ်, ပြစ်တင်ဖွယ်,
သေးငယ်သော်မှ မပြုရာ။

http://www.dhammadownload.com



## သာမန်မေတ္တာပွားပုံ

အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ၊ ဘေးရန် ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

## သာမန်မေတ္တာပွားပုံ

၁။ လုံးစုံသတ္တဝါ, ဘေးရန်ကွာ, ချမ်းသာကြပါစေ။

၂။ လုံးစုံသတ္တဝါ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။

## (၂)ပိုင်းခွဲပြီး မေတ္တာပွားပုံ

၁။ တဏှာမကင်းသေးလို့ ထိတ်လန့်တတ်တဲ့ပုထုဇဉ်၊
သေက္ခပုဂ္ဂိုလ်တွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၂။ တဏှာကင်းလို့ မထိတ်လန့်တော့ဘဲ ခိုင်မြဲတည်တံ့တဲ့
ရဟန္တာ အရှင်မြတ်တွေ ချမ်းသာကြပါစေ။
ထိတ်လန့်တတ်တဲ့သတ္တဝါတွေရော၊
မထိတ်လန့်တတ်တဲ့ ရဟန္တာတွေရော
အားလုံး ချမ်းသာကြပါစေ။

## (၂)ပိုင်းခွဲပြီး မေတ္တာပွားပုံ

၁။ ထိတ်လန့်တတ်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။

၂။ မထိတ်လန့်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။

၃။ လန့် - မလန့်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။

http://www.dhammadownload.com



## (၃) ပိုင်းခွဲပြီး မေတ္တာပွားပုံ

၁။ (က) ခန္ဓာကိုယ်ထည်ရှည်တဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

(ခ) ခန္ဓာကိုယ်ထည် တိုတဲ့၊ ပုတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

(ဂ) ခန္ဓာကိုယ် မရှည်၊ မတို၊ အလယ်အလတ် သတ္တဝါတွေ ချမ်းသာကြပါစေ။ ခန္ဓာကိုယ် အထည်ဒြပ် အရှည်၊ အတို၊ အလတ်စား သတ္တဝါတွေအားလုံး ချမ်းသာကြပါစေ။

၂။ (က) ခန္ဓာကိုယ်ထည် ကြီးမားတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

(ခ) ခန္ဓာကိုယ်ထည် သေးငယ်တဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

(ဂ) ခန္ဓာကိုယ် အထည်ဒြပ် မကြီး၊ မငယ်၊ အလယ် အလတ် သတ္တဝါတွေ ချမ်းသာကြပါစေ။ ခန္ဓာကိုယ် အထည်ဒြပ် အကြီး၊ အငယ်၊ အလယ် အလတ် သတ္တဝါတွေအားလုံး ချမ်းသာကြပါစေ။

၃။ (က) ခန္ဓာကိုယ်အထည်ဒြပ် လုံးဝိုင်းဝဖြိုးတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

(ခ) ခန္ဓာကိုယ်အထည်ဒြပ် အလွန်သေးငယ်တဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

http://www.dhammadownload.com



(ဂ) ခန္ဓာကိုယ်အထည်ဒြပ် အလယ်အလတ်စား
သတ္တဝါတွေ ချမ်းသာကြပါစေ။
ဝဖြိုး၊ သေးမွှား၊ အလတ်စား သတ္တဝါတွေအားလုံး
ချမ်းသာကြပါစေ။

## (၃)ပိုင်းခွဲပြီး မေတ္တာပွားပုံ

၁။ (က) ကိုယ်ထည် ရှည်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ခ) ကိုယ်ထည် တိုပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဂ) မရှည် - မတိုပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဃ) ရှည်-တို-လတ်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။

၂။ (က) ကိုယ်ထည် ကြီးပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ခ) ကိုယ်ထည် သေးပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဂ) မကြီး-မသေးပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဃ) ကြီး-သေး-လတ်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။

၃။ (က) လုံးဝိုင်းဝပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ခ) လွန်သေးငယ်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဂ) မဝ-မသေးပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဃ) ဝ-သေး-လတ်ပါ, သတ္တဝါ, ချမ်းသာကြပါစေ။

http://www.dhammadownload.com



## တစ်ဖန်(၂)ပိုင်း ခွဲခြားပြီး မေတ္တာပွားပုံ(၃)နည်း

၁။ (က) တွေ့မြင်ဖူးတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။
(ခ) မတွေ့မမြင်ဖူးတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။
တွေ့မြင်ဖူးတာတွေရော၊ မတွေ့မမြင်ဖူးတာတွေရော အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ။

၂။ (က) အနီးမှာ နေကြတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။
(ခ) အဝေးမှာ နေကြတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။
အနီးနေ၊ အဝေးနေ သတ္တဝါတွေအားလုံး ချမ်းသာကြပါစေ။

၃။ (က) ဖြစ်ပြီးဖြစ်တဲ့ (နောက်ထပ်ဘဝအသစ် ဖြစ်ရန် မရှိတော့တဲ့) ရဟန္တာပုဂ္ဂိုလ်တွေ ချမ်းသာကြပါစေ။
(ခ) ဘဝသစ်ဖြစ်ရန် ရှိသေးလို့ ဖြစ်ဆဲမည်တဲ့ ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တွေ ချမ်းသာကြပါစေ။ ဖြစ်ပြီး၊ ဖြစ်ဆဲ အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ။

**တစ်နည်း**

(က) ဘဝသစ်မှာ ဖြစ်ဆဲ၊ ပဋိသန္ဓေနေဆဲ သတ္တဝါတွေ ချမ်းသာကြပါစေ။
(ခ) ဖြစ်ပြီး၊ ဖွားမြင်ပြီး သတ္တဝါတွေ ချမ်းသာကြပါစေ။
ဖြစ်ဆဲရော၊ ဖြစ်ပြီးရော အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေ။

http://www.dhammadownload.com



## တစ်ဖန် (၂)ပိုင်းခွဲခြားပြီး မေတ္တာပွားပုံ (၃) နည်း

၁။ (က) တွေ့မြင်ဖူးပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ခ) မတွေ့ဖူးပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဂ) တွေ့-မတွေ့ပါ, သတ္တဝါ, ချမ်းသာကြပါစေ။
၂။ (က) နီးမှာ နေပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ခ) ဝေးမှာ နေပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဂ) နီး-ဝေး နေပါ, သတ္တဝါ, ချမ်းသာကြပါစေ။
၃။ (က) နောက်ဘဝကင်းကွာ, ရဟန္တာ, ချမ်းသာကြပါစေ။
(ခ) နောက်ဘဝရှိပါ, သတ္တဝါ, ချမ်းသာကြပါစေ။
(ဂ) ဘဝကင်းကွာ, ရှိသူပါ, ချမ်းသာကြပါစေ။

## အကျိုးမဲ့ဆင်းရဲတွေ ကင်းစေရန် မေတ္တာပွားပုံများ

၁။ တစ်ဦးတစ်ယောက်က အခြားသူတစ်ဦးတစ်ယောက်ကို မလှည့်စားပါစေနဲ့။ လှည့်စားခြင်း ကင်းကြပါစေ။

၂။ ဘယ်နေရာရောက်ရောက် အခြားသူ တစ်စုံတစ်ယောက်ကိုမျှ မရိုမသေ မထီမဲ့မြင် မပြုမိပါစေလင့်။ မထီမဲ့မြင်ပြုခြင်း ကင်းကြပါစေ။ ဖော်ဖော်ရွေရွေ ဆက်ဆံနိုင်ကြပါစေ။

၃။ ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်းဖြင့် သူတစ်ပါးရဲ့ ဆင်းရဲကို လိုလားခြင်း ကင်းပါစေ။ နှုတ်က ပြောဆိုခြင်းဖြင့်လည်း သူတစ်ပါးရဲ့ ဆင်းရဲကို လိုလားခြင်း ကင်းပါစေ။ စိတ်အကြံသက်သက်ဖြင့်လည်း သူတစ်ပါး

http://www.dhammadownload.com



ရဲ့ ဆင်းရဲကို လိုလားခြင်း ကင်းပါစေ။ သူတစ်ပါး ဆင်းရဲအောင် ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်ခြင်း၊ လိုလားခြင်း ကင်းကြပါစေ။

## အကျိုးမဲ့ ဆင်းရဲတွေ ကင်းစေရန် မေတ္တာပွားပုံ

၁။ သူတစ်ပါးအား, လိမ်လှည့်စား, ရှောင်ရှားရပါသည်။

၂။ နေရာ မရွေး, လူ မရွေး, ထင်သေး ရှောင်ရသည်။

၃။ ကိုယ်ပြုကြောင့်သာ, ခြားသူမှာ,
ဆင်းရဲသွားတာ မလိုရ။

၄။ နှုတ်ပြောကြောင့်သာ, ခြားသူမှာ,
ဆင်းရဲသွားတာ မလိုရ။

၅။ ဒေါသကြောင့်သာ, ခြားသူမှာ, ဆင်းရဲသွားတာ မလိုရ။

## မေတ္တာအစစ် ပွားပုံဥပမာ

မွေးတဲ့မိခင်က မိမိရင်မှာ ဖြစ်တဲ့ တစ်ဦးတည်းသော သားကို မိမိအသက်ကို စွန့်ပြီးတောင် အစဉ်မကွာ စောင့်ရှောက်သည့်ပမာ သတ္တဝါ အားလုံးအပေါ် မှာ အတိုင်းအတာမရှိတဲ့ မေတ္တာစိတ်ကို အကြိမ်ကြိမ် အခါခါ ပွားများရပါတယ်။

http://www.dhammadownload.com



## မေတ္တာအစစ် ပွားပုံ ဥပမာ

၁။ တိုင်းတာမဲ့ပါ, ချစ်မေတ္တာ, ပွားပါ အားလုံးမှာ။

၂။ မွေးမိခင်ဟာ, သူ့သားမှာ, စောင့်တာ ပုံပမာ။

၃။ တစ်ဦးသားတွင်, အသက်ပင်, မိခင်စွန့် စောင့်ပါ။

## အတိုင်းအတာမရှိ ကျယ်ပြန့်စွာ မေတ္တာပွားပုံ

အတိုင်းမသိ ကျယ်ပြန့်စွာ မေတ္တာပွားပုံကို ချဲ့ပြီး ပြောပြပါဦးမယ်။ အထက်အရပ်မှာရော၊ အောက်အရပ်မှာရော၊ ပတ်ဝန်းကျင်အရပ် ၈ မျက်နှာမှာပါ လောကအားလုံးမှာ (ရှိသမျှ သတ္တဝါအားလုံးအပေါ်) အတိုင်းအတာမရှိတဲ့ မေတ္တာစိတ်ကို ပွားများရပါတယ်။ မေတ္တာစိတ်ကို ကျယ်ပြန့်စွာ ပွားများရပါတယ်။ ဒေါသစေတနာဆိုတဲ့ အတွင်းရန် ကင်းစေလျက် ပွားများရပါတယ်။ ပုဂ္ဂိုလ်ရန်ဆိုတဲ့ အပြင်ရန်လည်း ကင်းစေလျက် ပွားများရပါတယ်။

၁။ အထက်အရပ်က အားလုံးသတ္တဝါတွေ
ချမ်းသာကြပါစေ။

၂။ အောက်အရပ်က အားလုံးသတ္တဝါတွေ
ချမ်းသာကြပါစေ။

၃။ ပတ်ဝန်းကျင်အရပ် ၈ မျက်နှာက အားလုံးသတ္တဝါတွေ
ချမ်းသာကြပါစေ။

http://www.dhammadownload.com



## အတိုင်းမသိ ကျယ်ပြန့်စွာ မေတ္တာပွားပုံ

၁။ ကျယ်ပြန့်ရပါ, တွင်း-ပြင်ပါ, ရန်ဟာ ကင်းရပါ။
၂။ တိုင်းတာမဲ့ပါ, ချစ်မေတ္တာ, ပွားပါ အားလုံးမှာ။
၃။ ထက်-အောက်အရပ်, ဝန်းကျင်ရပ်,
အရပ် (၁၀) မျက်နှာ။
၄။ အရပ် (၁၀) မှာ, ရှိကြပါ, သတ္တဝါတိုင်းပေါ်မှာ။
၅။ ထက်ရပ်ရှိပါ, သတ္တဝါ, ချမ်းသာကြပါစေ။
၆။ အောက်ရပ်ရှိပါ, သတ္တဝါ, ချမ်းသာကြပါစေ။
၇။ (၈) ရပ်ရှိပါ, သတ္တဝါ, ချမ်းသာကြပါစေ။

## မေတ္တာပွားရမယ့် အနေအထိုင်နဲ့ အချိန်ကာလ

အိပ်ပျော်နေတဲ့ အချိန်မှတစ်ပါး အခြားအချိန်တွေမှာ ရပ်နေရင်း ဖြစ်ဖြစ်၊ သွားနေရင်းဖြစ်ဖြစ်၊ ထိုင်နေရင်းဖြစ်ဖြစ်၊ လဲလျောင်းနေရင်းဖြစ်ဖြစ် မေတ္တာနဲ့ယှဉ်တဲ့ အမှတ်သတိ မပြတ်ပွားနေရပါတယ်။ အဲဒီမေတ္တာတရား ပွားများနေတာကို ဒီဘုရားသာသနာတော်မှာ မြင့်မြတ်တဲ့နေခြင်းလို့ ဘုရားရှင်တွေက ဟောကြားချီးကျူးတော်မူကြပါတယ်။

## မေတ္တာပွားရမယ့် အနေအထားနဲ့ အချိန်ကာလ

၁။ မေတ္တာ ယှဉ်ဘိ, မှတ်သတိ, ပွားကြည့် နေရသည်။
၂။ အိပ်ချိန်မှ တစ်ပါး, ကျန်ချိန်များ, ပွားများရပါသည်။

http://www.dhammadownload.com



၃။ ရပ်ရင်း-သွားရင်း, ထိုင်နေရင်း,
လျောင်းရင်း ပွားရသည်။
၄။ မေတ္တာပွားနေ, မြင့်မြတ်ပေ, အနေဟု ဆိုသည်။

## အရိယာဖြစ်အောင် အားထုတ်ပုံ

မေတ္တာပွားများတဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ အတ္တဒိဋ္ဌိကို (ပုဂ္ဂိုလ်၊ သတ္တဝါကောင်၊ အတ္တကောင် တကယ်ပဲ ရှိတယ်လို့ ထင်မှတ်စွဲလမ်းမှုကို) ပယ်ပြီး အရိယာမဂ်သီလနဲ့ ပြည့်စုံတဲ့အပြင် သောတာပတ္တိမဂ်ဉာဏ် အမြင်နဲ့လည်း ပြည့်စုံရပါတယ်။ ကာမဂုဏ်အာရုံတွေမှာ တပ်မက်တဲ့ ကာမတဏှာကို အနာဂါမိမဂ်ဉာဏ်နဲ့ ပယ်ရှားရပါတယ်။ (တစ်နည်း = လိုချင်ဖွယ်အာရုံဟူသမျှမှာ တပ်မက်တွယ်တာတဲ့ တဏှာကို အရိယမဂ်လေးပါးနဲ့ ပယ်ရှားရပါတယ်)။ အမိဝမ်းမှာ ကိန်းအောင်းရတဲ့ ဘဝသစ်ဖြစ်ခြင်းသို့ တစ်ဖန်တကယ်ပဲ မရောက်ရတော့ပါ။ (တစ်ဖန် ဘဝအသစ် မဖြစ်ရတော့ဘဲ လက်ရှိဘဝမှာပဲ ပရိနိဗ္ဗာန် ဝင်စံရပါတော့တယ်။)

## အရိယာဖြစ်အောင် အားထုတ်ပုံ

၁။ ဒိဋ္ဌိကို ပယ်, သီလကြွယ်, ဉာဏ်ဝယ် ပြည့်စုံသည်။
၂။ ကာမတဏှာ, ပယ်သတ်ကာ, နောင်ခါ ဘဝ မဖြစ်ပြီ။

**မေတ္တသုတ် ပြီးပါပြီ။**

❒

http://www.dhammadownload.com

## ၄။ ခန္ဓသုတ်

### ခန္ဓသုတ်ကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့၊ နတ်မန္တရား၊ နတ်ဆေးဝါး ဟာ အဆိပ်ပြင်းထန်တဲ့ မြွေမျိုးမှန်သမျှရဲ့ ပြင်းထန်တဲ့ အဆိပ် ကို ဖျက်ဆီးတတ်ပါတယ်။ ခန္ဓသုတ်ပရိတ်တော်ကတော့ စကြဝဠာကုဋေတစ်သိန်း(အာဏာခေတ်)အတွင်းက သတ္တဝါ အားလုံးရဲ့ ပြင်းထန်တဲ့အဆိပ်ကိုရော၊ ကျန်တဲ့ ဘေးရန်အမျိုးမျိုး ကိုပါ နေရာတိုင်းမှာ၊ အချိန်တိုင်းမှာ လုံးဝကုန်စင်သွားအောင် တားမြစ်ပယ်ရှားပေးပါတယ်။ အဲဒီခန္ဓသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါစို့။

### မြွေမင်းအမျိုးတွေကို မေတ္တာပွားပုံ

* ဝိရူပက္ခနဂါးမင်းအမျိုးတွေ ချမ်းသာကြပါစေ။
ဧရာပထနဂါးမင်းအမျိုးတွေ ချမ်းသာကြပါစေ။
ဆဗျာပုတ္တနဂါးမင်းအမျိုးတွေ ချမ်းသာကြပါစေ။
ကဏှာဂေါတမကနဂါးမင်းအမျိုးတွေ
ချမ်းသာကြပါစေ။

http://www.dhammadownload.com



## ၄။ ခန္ဓသုတ်လက်ာ

### မြွေမင်းအမျိုးတွေကို မေတ္တာပွားပုံ

၁။ ဝိရူပက္ခ, မြွေမျိုးက, သုခ ရပါစေ။

၂။ ဧရာပထ, မြွေမျိုးက, သုခ ရပါစေ။

၃။ ဆဗျာပုတ္တ, မြွေမျိုးက, သုခ ရပါစေ။

၄။ ကဏှာဂေါတမက, မြွေမျိုးက, သုခ ရပါစေ။

### သတ္တဝါအားလုံးကို မေတ္တာပွားပုံ

* အခြေမရှိတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။
အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။
အခြေလေးချောင်းရှိတဲ့ သတ္တဝါတွေ
ချမ်းသာကြပါစေ။
အခြေများစွာရှိတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

### သတ္တဝါအားလုံးကို မေတ္တာပွားပုံ

၁။ အခြေမဲ့ပါ, သတ္တဝါ, ချမ်းသာကြပါစေ။

၂။ ခြေ (၂) ချောင်းပါ, သတ္တဝါ, ချမ်းသာကြပါစေ။

၃။ ခြေ (၄) ချောင်းပါ, သတ္တဝါ, ချမ်းသာကြပါစေ။

၄။ ခြေများစွာပါ, သတ္တဝါ, ချမ်းသာကြပါစေ။

### တောင့်တချက်နဲ့ မေတ္တာပွားပုံ

* အခြေမရှိတဲ့ သတ္တဝါမျိုးဟာ ငါ့ကို မညှဉ်းဆဲပါစေလင့်။
အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါမျိုးဟာ

http://www.dhammadownload.com



ငါ့ကို မညှဉ်းဆဲပါစေလင့်။
အခြေလေးချောင်းရှိတဲ့ သတ္တဝါမျိုးဟာ
ငါ့ကို မညှဉ်းဆဲပါစေလင့်။
အခြေများစွာရှိတဲ့ သတ္တဝါမျိုးဟာ
ငါ့ကို မညှဉ်းဆဲပါစေလင့်။

## တောင့်တချက်နဲ့ မေတ္တာပွားပုံ

၁။ အခြေမဲ့ပါ, သတ္တဝါ, ငါ့မှာ မညှဉ်းလင့်။
၂။ ခြေ (၂) ချောင်းပါ, သတ္တဝါ, ငါ့မှာ မညှဉ်းလင့်။
၃။ ခြေ (၄) ချောင်းပါ, သတ္တဝါ, ငါ့မှာ မညှဉ်းလင့်။
၄။ ခြေများစွာပါ, သတ္တဝါ, ငါ့မှာ မညှဉ်းလင့်။

## မခွဲခြားဘဲ မေတ္တာပွားပုံ

အားလုံးသတ္တဝါတွေဟာ ကောင်းမြတ်တဲ့ အာရုံတွေကို တွေ့ကြုံကြပါစေ။ ဘယ်သူ့ထံမှ ဆင်းရဲ မရောက်ပါစေလင့်။

## မခွဲခြားဘဲ မေတ္တာပွားပုံ

၁။ အားလုံးသတ္တဝါ, ကောင်းမြတ်တာ,
တွေ့ကာ မြင်ပါစေ။
၂။ ဘယ်သူ့ထံမှ, ဆင်းရဲက, မကျပါစေလင့်။

http://www.dhammadownload.com



## ရတနာသုံးပါးရဲ့ ဂုဏ်တွေကို အာရုံပြုပုံ

ဘုရားရှင်ဟာ ဤရွေ့ ဤမျှ ဂဏန်းချ၍ မရနိုင်အောင် များမြောင်သော ဂုဏ်တော်တွေ ရှိပါပေတယ်။

မဂ်ဖိုလ်နိဗ္ဗာန်တရားတော်ဟာ ဤရွေ့ ဤမျှ ဂဏန်းချ၍ မရနိုင်အောင် များမြောင်သော ဂုဏ်တော်တွေ ရှိပါပေတယ်။

အရိယာသံဃာတော်ဟာ ဤရွေ့ဤမျှ ဂဏန်းချ၍ မရနိုင်အောင် များမြောင်သော ဂုဏ်တော်တွေ ရှိပါပေတယ်။

## ရတနာသုံးပါးရဲ့ ဂုဏ်တွေကို အာရုံပြုပုံ

၁။ ဘုရားရှင်မှာ, ဂုဏ်တော်ဟာ, တိုင်းတာ မရှိပါ။

၂။ တရားတော်မှာ, ဂုဏ်တော်ဟာ, တိုင်းတာ မရှိပါ။

၃။ သံဃာတော်မှာ, ဂုဏ်တော်ဟာ, တိုင်းတာ မရှိပါ။

## တွားသွားတိရစ္ဆာန်တွေနဲ့ နှိုင်းယှဉ်၍

ခန္ဓာကိုယ်နဲ့တွားသွားတတ်ကြတဲ့မြွေတွေ၊ ကင်းမြီးကောက်တွေ၊ ကင်းခြေများတွေ၊ ပင့်ကူတွေ၊ တက်တူတွေ၊ ကြွက်တွေဟာ အကုသိုလ်တွေ (ကိလေသာတွေ) ရှိကြပါတယ်။

(ရတနာသုံးပါးရဲ့ ဂုဏ်တော်၊ တန်ခိုးတော်က အလွန်ကြီးမားပါတယ်။ ဒီသတ္တဝါတွေကတော့ အညံ့စားသတ္တဝါလေးတွေသာ ဖြစ်ကြပါတယ်။ ရတနာသုံးပါးရဲ့ အစွမ်းကြောင့် အဲဒီသတ္တဝါတွေဟာ ဘာမျှ မလုပ်နိုင်ကြပါ။)

http://www.dhammadownload.com



## တွားသွားတိရစ္ဆာန်တွေနဲ့ နှိုင်းယှဉ်၍

၁။ မြွေ-ကင်း-ပင့်ကူ, ကြွက်-တက်တူ,
အကုသိုလ် ရှိသည်။

## အကာအကွယ် ထပ်ပြုပုံ

ငါဟာ အစောင့်အရှောက်၊ အကာအကွယ်ကို ပြုလုပ်ပြီးပါပြီ။ အရံအတားကို ပြုလုပ်ပြီးပါပြီ။ သတ္တဝါတွေ ရှောင်ဖယ်ကြပါစေ။

ထိုငါဟာ ပရိနိဗ္ဗာန်စံပြီး ရှေးဘုရားရှင်အားလုံးကို ရှိခိုးပါ၏။

ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရားရှင် ၇ ဆူတို့ကို ရှိခိုးပါ၏။

## အကာအကွယ် ထပ်ပြုပုံ

၁။ စောင့်ရှောက်ကွယ်ကာ, ရံတားပါ, ငါဟာ ပြုပြီးပြီ။
၂။ သတ္တဝါသွယ်သွယ်, ဘေးသို့ဝယ်, ရှောင်ဖယ်ကြပါစေ။
၃။ ဘုရားကုန်အား, ငါသည်ကား, ဝပ်တွား ရှိခိုး၏။
၄။ (၇) ဆူပြား, ဘုရားအား, ငါကား ရှိခိုး၏။

**ခန္ဓသုတ် ပြီးပါပြီ။**

❒

http://www.dhammadownload.com

# ၅။ မောရသုတ်

## မောရသုတ်ကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့၊ ဘုရားလောင်းတော်ဟာ ဘုရားဖြစ်ဖို့ ပါရမီတွေကို ဖြည့်ကျင့်ရင်း ဥဒေါင်းမျိုးမှာ ဖြစ်ခဲ့ပါတယ်။ မောရသုတ် ပရိတ်တော်နဲ့ အစောင့်အရှောက်ကို ကောင်းစွာ စီမံထားပါတယ်။ ၇ ဆက်သော တောလှည့်မုဆိုးတွေက ဘုရားလောင်း ရွှေဥဒေါင်းမင်းကို နှစ်ပေါင်း ၇၀၀ ကြာ ဖမ်းယူဖို့ ကြိုးစားကြပါတယ်။ ဒါပေမဲ့ မဖမ်းယူနိုင်ကြပါ။ ထူးမြတ်တဲ့ မန္တန်တော်လို့ ရှင်တော်ဘုရား ချီးကျူးထားတဲ့ အဲဒီ မောရသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါစို့။

## ဥဒေါင်းမင်းက နေမင်းကို ရှိခိုးပုံ

ဒီနေမင်းဟာ ကမ္ဘာသူ၊ ကမ္ဘာသားတွေအား မျက်စိအလင်းကို ပေးပါတယ်။ အရောင်တွေထဲမှာ ပြိုင်ဘက်ကင်းတဲ့ ဘုရင်တစ်ဦး ဖြစ်ပါတယ်။ ရွှေအဆင်းလို အဆင်းရှိပါတယ်။ တစ်မြေပြင်လုံးမှာ အရောင်အလင်းကို ပျံ့နှံ့စေပါတယ်။ ဒီနေမင်းဟာ ပေါ်ထွက်လာနေပါတယ်။ ဒါကြောင့်

http://www.dhammadownload.com



ရွှေအဆင်းရှိပြီး တစ်မြေပြင်လုံးမှာ အရောင်အလင်း ပျံ့နှံ့စေတဲ့ အဲဒီနေမင်းကို အကျွန်ုပ် ရှိခိုးပါတယ်။ ယနေ့ အရှင်နေမင်းရဲ့ အစောင့်အရှောက်ကို ခံယူပြီး တစ်နေ့လုံး ချမ်းသာစွာ အကျွန်ုပ်တို့ နေလိုကြပါတယ်။

## ၅။ မောရသုတ် လင်္ကာ

### ဥဒေါင်းမင်းက နေမင်းကို ရှိခိုးပုံ

၁။ ဒီနေမင်းကား, ကမ္ဘာအား, လင်းများ ပေးပေသည်။

၂။ လင်းရောင်တွေမှာ, နေမင်းဟာ, အသာဆုံး ဖြစ်သည်။

၃။ ရွှေအဆင်းလား, အဆင်းကား, သူ့အား ရှိနေသည်။

၄။ မြေပြင်ပေါ်အား, အလင်းများ, သူကား ပျံ့စေသည်။

၅။ ဒီနေမင်းဟာ, ပေါ်ထွက်လာ, ငါဟာ ရှိခိုးသည်။
(ဒီနေမင်းဟာ, ဝင်သွားပါ, ငါဟာ ရှိခိုးသည်။)

၆။ နေမင်းစောင့်တာ, ခံယူကာ, ငါဟာ နေလိုသည်။

၇။ တစ်နေ့လုံးသာ, ချမ်းသာစွာ, ငါဟာ နေလိုသည်။

### ဘုရားနဲ့ တရားကို ရှိခိုးပုံ

ဘုရားရှင်တွေဟာ တရားအားလုံးတို့ကို သိတော်မူကြပါတယ်။ အဲဒီဘုရားရှင်တွေဟာ တပည့်တော်ရဲ့ ရှိခိုးမှုကို ခံယူတော်မူကြပါ။ အဲဒီဘုရားရှင်တွေဟာ တပည့်တော်ကိုလည်း စောင့်ရှောက်တော်မူကြပါ။ ဘုရားရှင်တွေကို ရှိခိုးပါတယ်။ ဘုရားရှင်တွေရဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရှိခိုးပါတယ်။

http://www.dhammadownload.com



ကိလေသာတွေမှ လွတ်မြောက်ပြီးကြတဲ့ ဘုရားရှင်တွေကို ရှိခိုးပါတယ်။ အဲဒီ ဘုရားရှင်တွေရဲ့ လွတ်မြောက်မှု ၅ မျိုးကို ရှိခိုးပါတယ်။

(ရဟန်းတို့ အဲဒီဥဒေါင်းမင်းဟာ ဒီပရိတ်အရံအတား ကို ပြုလုပ်ပြီး အစာရှာဖို့ လှည့်လည်ပါတယ်။)

## ဘုရားနဲ့တရားကို ရှိခိုးပုံ

၁။ ဘုရားတွေကား, ကုန်တရား, သိထားကြပါသည်။

၂။ ငါ ရှိခိုးမှု, ဘုရားစု, ခံမှု ပြုကြပါ။

၃။ ထိုဘုရားများ, ငါ့ကိုကား, စောင့်သွားတော်မူပါ။

၄။ ဘုရားတွေအား, ငါသည်ကား, ဝပ်တွားရှိခိုး၏။

၅။ ထိုဘုရားများ, မင်ဖိုလ်အား, ငါကား ရှိခိုး၏။

၆။ ကိလေသာမှ, လွတ်ပြီးကြ, ဗုဒ္ဓတွေအား ရှိခိုး၏။

၇။ လွတ်မြောက်မှု-ငါး, တရားအား, ငါကား ရှိခိုး၏။

၈။ ရံတားပြုကာ, ဒေါင်းမင်းဟာ, အစာ ရှာသွား၏။

(ရံတားပြုကာ, ဒေါင်းမင်းဟာ, အိပ်ရာဝင်သွား၏။)

## ဥဒေါင်းမင်းက နေမင်းကို ရှိခိုးပုံ

ဒီနေမင်းဟာ ကမ္ဘာသူ၊ ကမ္ဘာသားတွေအား မျက်စိ အလင်းကို ပေးပါတယ်။ အရောင်တွေထဲမှာ ပြိုင်ဘက်ကင်း တဲ့ ဘုရင်တစ်ဦး ဖြစ်ပါတယ်။ ရွှေအဆင်းလို အဆင်းရှိပါ တယ်။ တစ်မြေပြင်လုံးမှာ အရောင်အလင်းကို ပျံ့နှံ့စေပါ

http://www.dhammadownload.com



တယ်။ ဒီနေမင်းဟာ ဝင်သွားပါတယ်။ ဒါကြောင့် ရွှေအဆင်း ရှိပြီး တစ်မြေပြင်လုံးမှာ အရောင်အလင်း ပျံ့နှံ့စေတဲ့ အဲဒီ နေမင်းကို အကျွန်ုပ် ရှိခိုးပါတယ်။ ယနေ့ အရှင်နေမင်းရဲ့ အစောင့်အရှောက်ကို ခံယူပြီး တစ်ညလုံး ချမ်းသာစွာ အကျွန်ုပ်တို့ နေလိုကြပါတယ်။

## ၅။ မောရသုတ် လင်္ကာ

### ဥဒေါင်းမင်းက နေမင်းကို ရှိခိုးပုံ

၁။ ဒီနေမင်းကား, ကမ္ဘာအား, လင်းများ ပေးပေသည်။
၂။ လင်းရောင်တွေမှာ, နေမင်းဟာ, အသာဆုံး ဖြစ်သည်။
၃။ ရွှေအဆင်းလား, အဆင်းကား, သူ့အား ရှိနေသည်။
၄။ မြေပြင်ပေါ်အား, အလင်းများ, သူကား ပျံ့စေသည်။
၅။ ဒီနေမင်းဟာ, ပေါ်ထွက်လာ, ငါဟာ ရှိခိုးသည်။
(ဒီနေမင်းဟာ, ဝင်သွားပါ, ငါဟာ ရှိခိုးသည်။)
၆။ နေမင်းစောင့်တာ, ခံယူကာ, ငါဟာ နေလိုသည်။
၇။ တစ်နေ့လုံးသာ, ချမ်းသာစွာ, ငါဟာ နေလိုသည်။

### ဘုရားနဲ့ တရားကို ရှိခိုးပုံ

ဘုရားရှင်တွေဟာ တရားအားလုံးတို့ကို သိတော်မူကြ ပါတယ်။ အဲဒီဘုရားရှင်တွေဟာ တပည့်တော်ရဲ့ ရှိခိုးမှုကို ခံယူတော်မူကြပါ။ အဲဒီဘုရားရှင်တွေဟာ တပည့်တော်ကို လည်း စောင့်ရှောက်တော်မူကြပါ။ ဘုရားရှင်တွေကို ရှိခိုးပါ

http://www.dhammadownload.com



တယ်။ ဘုရားရှင်တွေရဲ့ မင်္ဂလာ၊ ဖိုလ်ဉာဏ်ကို ရှိခိုးပါတယ်။ ကိလေသာတွေမှ လွတ်မြောက်ပြီးကြတဲ့ ဘုရားရှင်တွေကို ရှိခိုးပါတယ်။ အဲဒီ ဘုရားရှင်တွေရဲ့ လွတ်မြောက်မှု ၅ မျိုးကို ရှိခိုးပါတယ်။

(ရဟန်းတို့၊ အဲဒီဥဒေါင်းမင်းဟာ ဒီပရိတ်အရံအတား ကို ပြုလုပ်ပြီး အိပ်တန်းတက်ပါတယ်။)

## ဘုရားနဲ့တရားကို ရှိခိုးပုံ

၁။ ဘုရားတွေကား, ကုန်တရား, သိထားကြပါသည်။
၂။ ငါ ရှိခိုးမှု, ဘုရားစု, ခံမှု ပြုကြပါ။
၃။ ထိုဘုရားများ, ငါ့ကိုကား, စောင့်သွားတော်မူပါ။
၄။ ဘုရားတွေအား, ငါသည်ကား, ဝပ်တွားရှိခိုး၏။
၅။ ထိုဘုရားများ, မဂ်ဖိုလ်အား, ငါကား ရှိခိုး၏။
၆။ ကိလေသာမှ, လွတ်ပြီးကြ, ဗုဒ္ဓတွေအား ရှိခိုး၏။
၇။ လွတ်မြောက်မှု-ငါး, တရားအား, ငါကား ရှိခိုး၏။
၈။ ရံတားပြုကာ, ဒေါင်းမင်းဟာ, အစာ ရှာသွား၏။
(ရံတားပြုကာ, ဒေါင်းမင်းဟာ, အိပ်ရာဝင်သွား၏။)

**မောရသုတ် ပြီးပါပြီ။**

❒

http://www.dhammadownload.com

## ၆။ ဝေဿန္တရာ

## ဝေဿန္တရာကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့ ဘုရားလောင်းဟာ ဘုရားဖြစ်ဖို့ ပါရမီတွေကို ဖြည့်ကျင့်စဉ် ငုံးမျိုးမှာ ဖြစ်ခဲ့ပါတယ်။ ဝေဿန္တရာပရိတ်တော်ရဲ့ အစွမ်းကြောင့် တောမီးဟာ ရှောင်ကွင်းသွားပါတယ်။ ဘုရားရှင်က ဝေဿန္တရာပရိတ်တော်ကို အရှင်သာရိပုတ္တရာမထေရ်အား ဟောကြားခဲ့ပါတယ်။ ဝေဿန္တရာပရိတ်တော်ဟာ ကမ္ဘာဆုံးတိုင် တည်ရှိပါတယ်။ တန်ခိုးကြီးမားပါတယ်။ အဲဒီ ဝေဿန္တရာပရိတ်တော်ကို အကျွန်ုပ်တို့ ရွတ်ဆိုကြပါစို့။

## အကြံအစည် ဖြစ်ပေါ်လာပုံ

လောကမှာ သီလ၊ သစ္စာ၊ စင်ကြယ်မှု၊ မေတ္တာ၊ ကရုဏာတရားတွေ ရှိကြပါတယ်။ အဲဒီတရားတွေထဲမှာ ပါဝင်တဲ့ သစ္စာတရားနဲ့ ထူးမြတ်တဲ့ သစ္စာဆိုမှုကို ငါ ငုံးမင်းဟာ ပြုပါတော့မယ်။

http://www.dhammadownload.com



## ၆။ ဝဋ္ဋသုတ်လင်္ကာ

### အကြံအစည် ဖြစ်ပေါ်လာပုံ

၁။ သီလ-သစ္စာ, စင်ကြယ်တာ,
မေတ္တာ ကရုဏာ ရှိကြသည်။
၂။ လောကကြီးမှာ, ဒီ(၅) ဖြာ, ရှိကာ နေပါသည်။
၃။ ထိုထဲ ပါတဲ့, သစ္စာနဲ့, ထူးတဲ့ သစ္စာ ငါ ပြုမည်။

### အကြံအစည်အတိုင်း ပြုလုပ်ပုံ

ငါ ငုံးမင်းဟာ တရားတော်ရဲ့အစွမ်းကို ဆင်ခြင်ပြီး ရှေးဘုရားရှင်တွေကို အောက်မေ့ကာ သစ္စာရဲ့အစွမ်းကို အားကိုးပြုပြီး သစ္စာဆိုမှုကို ပြုခဲ့ပါတယ်။

### အကြံအစည်အတိုင်း ပြုလုပ်ပုံ

၁။ တရားစွမ်းအား, ဆင်ခြင်ပွား,
ရှေးဘုရားများ အောက်မေ့သည်။
၂။ သစ္စာ စွမ်းမှု, အားကိုးပြု, သစ္စာဆိုမှု ငါ ပြုသည်။

### သစ္စာဆိုပုံ

ငါ့မှာ အတောင်တွေ ရှိကြပါတယ်။ ပျံတော့ မပျံနိုင်ကြပါ။ ငါ့မှာ ခြေထောက်တွေ ရှိကြပါတယ်။ သွားတော့ မသွားနိုင်ကြပါ။ ငါ့မိဘတွေလည်း အသက်ဘေးကြောင့် ထွက်ပြေးကြပါပြီ။ အို တောမီး . . . ပြန်ပြီး လှည့်သွားပါလော့။

http://www.dhammadownload.com



## သစ္စာဆိုပုံ

၁။ ငါ့မှာ အတောင်တွေ, ရှိပါပေ, တောင်တွေ မပျံနိုင်။
၂။ ငါ့မှာ ခြေတွေ, ရှိပါပေ, ခြေတွေ မသွားနိုင်။
၃။ ငါ့မိဘများ, ကြောက်လန့်ပြေး, ထွက်သွားကြပါပြီ။
၄။ အို တောမီးရာ, အသင်ဟာ, နောက်မှာ ပြန်လှည့်ပါ။

## သစ္စာအစွမ်း

ငါ သစ္စာဆိုလိုက်တာနဲ့ တစ်ပြိုင်နက် အလျှံကြီးတဲ့ တောမီးဟာ ၁၆ ပယ် ကျယ်ဝန်းတဲ့ အရပ်တိုင်အောင် ရှောင်ကွင်းသွားပါတယ်။ ဥပမာ - မီးဟာ ရေသို့ ရောက်တဲ့အခါ ငြိမ်းသွားသလိုပါပဲ။

(သာရိပုတ္တရာ၊ ငါ့သစ္စာနဲ့တူတဲ့ သစ္စာဟာ မရှိပါ။ အဲဒီ သစ္စာဟာ ငါ့ရဲ့သစ္စပါရမီပါပဲ။)

## သစ္စာအစွမ်း

၁။ သစ္စာဆိုချက်, တစ်ပြိုင်နက်,
ရှောင်ထွက် တောမီးသည်။
၂။ (၁၆) ပယ်ကျယ်, ရပ်တိုင်ဝယ်, ရှောင်ဖယ် သွားလေပြီ။
၃။ ရေနဲ့ တွေ့ပြေး, မီးအလား, ငြိမ်းသွားပုံ တူသည်။
၄။ အို . . . သာရိပုတ္တရာ, ငါ့သစ္စာ, တူတာ မရှိပြီ။
၅။ ဒီသစ္စာဟာ, ငါ့ရဲ့သာ, သစ္စာ ပါရမီ။
၆။ သာရိပုတ္တရာအား, မြတ်ဘုရား, ဟောကြားပြခဲ့သည်။

**ဝဋ္ဋသုတ် ပြီးပါပြီ။**

http://www.dhammadownload.com

## ၇။ ဓဇဂ္ဂသုတ်

### ဓဇဂ္ဂသုတ်ကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့၊ ဓဇဂ္ဂသုတ်ပရိတ်တော်ကို အောက်မေ့ရုံမျှနဲ့တောင် သတ္တဝါတွေဟာ ကောင်းကင်ပေါ် မှာတောင် မြေကြီးပေါ်မှာလိုပဲ အခါခပ်သိမ်း (ခပ်သိမ်းသော အခြင်းအရာအားဖြင့်) ထောက်တည်ရာကို ရရှိကြပါတယ်။ ဘီလူး၊ သူခိုး စသည်တွေကြောင့် ဖြစ်ပေါ်လာတဲ့ ဘေးရန် အားလုံးဆိုတဲ့ ပိုက်ကွန်မှ လွတ်မြောက်သူတွေကို ရေတွက် လို့ မရနိုင်ပါ။ အဲဒီ ဓဇဂ္ဂသုတ်ပရိတ်တော်ကို ငါတို့ ရွတ်ကြ ပါစို့။

### အရှင်အာနန္ဒာရဲ့ လျှောက်ထားချက်

အရှင်ဘုရား၊ တပည့်တော်ဟာ ဒီလို နာယူမှတ်သား ဆောင်ထားခဲ့ပါတယ်။ အခါတစ်ပါးမှာ ဘုရားရှင်ဟာ သာဝတ္ထိ မြို့ရှိအနာထပိဏ်သူဌေးရဲ့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်း သုံးတော်မူပါတယ်။ အဲဒီ ဇေတဝန်ကျောင်းမှာပဲ ရဟန်းတွေ ကို "ရဟန်းတို့" လို့ ခေါ်တော်မူပါတယ်။ ရဟန်းတွေက "အရှင် ဘုရား" လို့ ဘုရားစကားတော်ကို လက်ခံကြပါတယ်။ ဘုရား ရှင်က အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com



## ၇။ ဧဂ္ဂသုတ် လက်ာ

### အရှင်အာနန္ဒာရဲ့ လျှောက်ထားချက်

၁။ အခါတစ်ပါးမှာ, ဘုရားဟာ, သာဝတ္ထိမှာ နေပါသည်။

၂။ ဇေတဝန်မည်ပါ, ကျောင်းတော်မှာ,
မြတ်စွာ နေပါသည်။

၃။ ရဟန်းတွေအား, ရဟန်းများ, ဘုရား ခေါ်ပါသည်။

၄။ အရှင်ဘုရား, ထိုစကား, ပြန်ကြားလျှောက်ကြသည်။

၅။ ဘုရားရှင်ဟာ, ဤသို့သာ, ဆက်ကာ မိန့်ပါသည်။

### ဘုရားဟော စကားများ

ရဟန်းတို့၊ ရှေးက ဖြစ်ဖူးတဲ့အကြောင်းကို ငါဘုရား မိန့်တော်မူမယ်။ တာဝတိံသာနတ်တွေနဲ့ အသူရာတွေရဲ့စစ်ပွဲဟာ ရင်ဆိုင်စုဝေးနေခဲ့တယ်။ အဲဒီအခါ နတ်တွေရဲ့အရှင်ဖြစ်တဲ့ သိကြားမင်းက တာဝတိံသာနတ်တွေကို ဒီလို အမိန့်ပေးပါတယ်။

အမောင်နတ်တို့ စစ်မြေပြင်ရောက်နေကြတဲ့ အမောင်နတ်တွေမှာ ကြောက်လန့်တာ၊ တုန်လှုပ်တာ၊ ကြက်သီးထတာတွေ ဖြစ်ခဲ့ရင် အဲဒီအခါမှာ ငါရဲ့အလံထိပ်ဖျားကိုသာ မော်ကြည့်လိုက်ကြပါ။ အကြောင်းကတော့ ငါရဲ့အလံထိပ်ဖျားကို မော်ကြည့်ကြတဲ့ သင်တို့မှာ ဖြစ်မယ့် ကြောက်လန့်တာ၊ တုန်လှုပ်တာ၊ ကြက်သီးထတာတွေဟာ ပြေပျောက်သွားမှာ ဖြစ်လို့ပါပဲ။

http://www.dhammadownload.com



## ဘုရားဟော စကားများ

၁။ ရှေးက ဖြစ်ပါ, ကြောင်းအရာ, ငါဟာ မိန့်ပါမည်။
၂။ တာဝတိံသာ, အသုရာ, နတ်ဟာ စစ် ဖြစ်သည်။
၃။ သိကြားမင်းကား, သူ့နတ်များ, မိန့်ကြားခဲ့ပါသည်။
၄။ စစ်မြေပြင်မှာ, သင်တို့မှာ, စိတ်မှာ ဖြစ်ခဲ့ရင်။
၅။ ကြောက်-တုန်လှုပ်တာ, ကြက်သီးမှာ, ထတာ ဖြစ်ခဲ့ရင်။
၆။ ငါ့အလံမှာ, ထိပ်ဖျားသာ, မော်ကာ ကြည့်ကြပါ။
၇။ ကြောက်-တုန်လှုပ်တာ, ကြက်သီးမှာ,
ထတာ ပျောက်သွားမှာ။

## တခြားအလံများ

ငါရဲ့ အလံထိပ်ဖျားကို မော်မကြည့်မိခဲ့ရင် ပဇာပတိနတ်မင်းရဲ့ အလံထိပ်ဖျားကို မော်ကြည့်လိုက်ကြပါ။ အကြောင်းကတော့ ပဇာပတိနတ်မင်းရဲ့ အလံထိပ်ဖျားကို မော်ကြည့်ကြတဲ့ သင်တို့မှာ ဖြစ်မယ့် ကြောက်လန့်တာ၊ တုန်လှုပ်တာ၊ ကြက်သီးထတာတွေဟာ ပြေပျောက်သွားမှာ ဖြစ်လို့ပါပဲ။

ပဇာပတိနတ်မင်းရဲ့ အလံထိပ်ဖျားကို မော်မကြည့်မိခဲ့ရင် ဝရုဏနတ်မင်းရဲ့အလံဖျားကို၊ ဝရုဏနတ်မင်းရဲ့အလံဖျားကို မော်မကြည့်မိခဲ့ရင် ဤသာနနတ်မင်းရဲ့အလံဖျားကို မော်ကြည့်လိုက်ကြပါ။ အကြောင်းကတော့ ဝရုဏနတ်မင်းနဲ့ ဤသာနနတ်မင်းတို့ရဲ့ အလံဖျားတွေကို မော်ကြည့်ကြကဲ့

http://www.dhammadownload.com



သင်တို့မှာ ဖြစ်မယ့် ကြောက်လန့်တာ၊ တုန်လှုပ်တာ၊ ကြက်သီးထတာတွေဟာ ပြေပျောက်သွားမှာ ဖြစ်လို့ပါပဲ။

သိကြားမင်းက အထက်ပါအတိုင်း အမိန့်ပေးပါတယ်။

ရဟန်းတို့ သိကြားမင်း၊ ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းတွေရဲ့ အလံထိပ်ဖျားတွေကို မော်ကြည့်ကြတဲ့ သင်တို့မှာ ကြောက်လန့်တာ၊ တုန်လှုပ်တာ၊ ကြက်သီးထတာတွေဟာ ပြေပျောက်သွားတာလည်း ရှိမယ်။ မပြေပျောက်တာလည်း ရှိမယ်။

အဲဒါ ဘာကြောင့်လဲ။ အကြောင်းကတော့ ရဟန်းတို့၊ သိကြားမင်းဟာ ရာဂ၊ ဒေါသ၊ မောဟ မကင်းသေး၊ ကြောက်တတ်တယ်၊ ကိုယ်တုန်လှုပ်တတ်တယ်၊ ထိတ်လန့်တတ်တယ်၊ ထွက်ပြေးတတ်တယ်။ ဒါကြောင့်ပါပဲ။

ရဟန်းတို့ ငါဘုရားကတော့ ဒီလို ဟောတော်မူပါတယ်။

ရဟန်းတို့၊ တောအရပ် သို့မဟုတ် သစ်ပင်အောက် သို့မဟုတ် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်ကြတဲ့ သင်တို့မှာ ကြောက်လန့်တာ၊ တုန်လှုပ်တာ၊ ကြက်သီးထတာတွေ ဖြစ်ခဲ့ရင် ငါဘုရားကိုသာ အဖန်တလဲလဲ အောက်မေ့ကြလော။ ငါဘုရားကို မအောက်မေ့မိရင် တရားတော်ကို အောက်မေ့ကြလော။ တရားတော်ကို မအောက်မေ့မိရင် သံဃာတော်ကို အောက်မေ့ကြလော။ အကြောင်းကတော့ ဘုရား၊ တရား၊ သံဃာကို အဖန်တလဲလဲ အောက်မေ့ကြတဲ့

http://www.dhammadownload.com



သင်တို့မှာ ကြောက်လန့်တာ၊ တုန်လှုပ်တာ၊ ကြက်သီးထတာတွေ ပြေပျောက်သွားမှာ ဖြစ်လို့ပါပဲ။

အဲဒီလို အကြောက်အလန့်စသည် ကင်းပျောက်ရတာရဲ့ အကြောင်းကတော့ -

ရဟန်းတို့၊ ပူဇော်အထူးကို ခံယူတော်မူထိုက်ပြီး တရားအလုံးစုံကို ဆရာမရှိဘဲ အမှန်အတိုင်း သိတဲ့ ငါဘုရားဟာ ရာဂ၊ ဒေါသ၊ မောဟ ကင်းပြီး ကြောက်လန့်မှု၊ ကိုယ်တုန်လှုပ်မှု၊ ထိတ်လန့်မှု မရှိပါ။ ပြေးလေ့ မရှိပါ။ ဒါကြောင့်ပါပဲ။

## တခြားအလံများ

၁။ ငါ့အလံဖျား, မကြည့်ငြား, အခြားလံဖျား ကြည့်ကြပါ။

၂။ ပဇာပတိ, ဝရုဏထည့်, မှတ်သိ ဤသာနာ။

၃။ ဒီနတ်မင်းများ, အလံဖျား, မော်ငြား ကြည့်ကြရာ။

၄။ ကြောက်-တုန်လှုပ်တာ,
ကြက်သီးမှာ ထတာ ပျောက်သွားမှာ။

၅။ သိကြားမင်းကား, နတ်တွေအား, မိန့်ကြား ထိုသို့သာ။

၆။ ရဟန်းတွေအား, ဘုရားကား, မိန့်ကြားပြန်လေပါ။

၇။ ထိုနတ် (၄) ပါး, အလံဖျား, ကြည့်ငြား နတ်တို့မှာ။

၈။ ကြောက်လန့်စစွာ, မပျောက်တာ, ပျောက်တာ ရှိနိုင်ပါ။

၉။ သိကြားမင်းမှာ, ဒါတွေဟာ, ရှိကာ နေလို့ပါ။

၁၀။ ရာဂ-ဒေါသ, မိုက်မောဟ, သုံးဝ သူ ရှိပါ။

၁၁။ ကြောက်-တုန်လှုပ်တာ, ကြက်သီးမှာ ထတာ ရှိနေပါ။

http://www.dhammadownload.com



၁။ ငါဘုရားကား, သင်တို့အား, ဟောကြား ဤသို့ပါ။
၂။ တော-သစ်ပင်ရပ်, ဆိတ်ငြိမ်ရပ်, ဆိုက်ကပ် သင်တို့မှာ။
၃။ ကြောက်-တုန်လှုပ်တာ, ကြက်သီးမှာ, ထတာ ဖြစ်ခဲ့ရင်။
၄။ ငါဘုရားကိုသာ, ဖန်ခါခါ, တွေးကာ နေပါလေ။
၅။ ငါ့ မတွေးရင်, တရားတွင်, အသင် အောက်မေ့လေ။
၆။ တရား မတွေးရင်, သံဃာတွင်,
အသင် အောက်မေ့လေ။
၇။ ကြောက်-တုန်လှုပ်တာ, ကြက်သီးမှာ,
ထတာ ပျောက်မည်ပေ။
၈။ ဘုရားရှင်မှာ, ဒါတွေဟာ, ကင်းကာ နေလို့ပါ။
၉။ ရာဂ-ဒေါသ, မိုက်မောဟ, ဗုဒ္ဓ ကင်းနေပါ။
၁၀။ ကြောက်-တုန်လှုပ်တာ, ဘုရားမှာ, ကင်းကာ နေလေပါ။
၁၁။ ကြက်သီးထတာ, ထွက်ပြေးတာ, ကင်းကာ နေလေပါ။

## ဘုရားဂုဏ်တော် (၉) ပါး

၁။ **အရဟံ** - လွန်ကဲ ထူးမြတ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာ ဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေသော မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** - သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

http://www.dhammadownload.com



၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** - ဝိဇ္ဇာမည်သော ဉာဏ်ထူး ၃ ပါး၊ ဉာဏ်ထူး ၈ ပါး၊ စရဏမည်သော အခြေခံအကျင့်တရား ၁၅ ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ **သုဂတော** - သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆိုတော်မူတတ်ပေသော မြတ်စွာဘုရား။

၅။ **လောကဝိဒူ** - လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။

၆။ **အနုတ္တရော ပုရိသဒမ္မသာရထိ** - ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့အား ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံးဖြစ်တော်မူပေသော မြတ်စွာဘုရား။

၇။ **သတ္ထာ ဒေဝမနုဿာနံ** - ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော်မူတတ်၍ လူ၊ နတ်တို့၏ ဆရာမြတ်အစစ်ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ **ဗုဒ္ဓေါ** - တရားအလုံးစုံကို အကုန်သိတော်မူပေသော မြတ်စွာဘုရား။

၉။ **ဘဂဝါ** - ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

http://www.dhammadownload.com



## ဘုရားဂုဏ်တော် (၉) ပါး

၁။ ဘုရားစိတ်မှာ, ကိလေသာ, ထုံပါ ကင်းကွာသည်။
၂။ သိစရာ မကျန်, ကိုယ်ပိုင်ဉာဏ်, အမှန် သိပါသည်။
၃။ အခြေခံကျင့်များ, ဉာဏ်ထူးများ, ဘုရား ပြည့်စုံသည်။
၄။ အကျိုးများကြောင်း, စကားကောင်း,
ကောင်းကောင်း မိန့်ပါသည်။
၅။ လောကကြောင်းရာ, စုံလင်စွာ, မြတ်စွာဗုဒ္ဓ သိပါသည်။
၆။ ဆုံးမ သွန်သင်, တုမဲ့ပင်, မြတ်ရှင်ဗုဒ္ဓ ကောင်းလှသည်။
၇။ ပြဟ္မာ-လူ-နတ်, ဆရာမြတ်, ဗုဒ္ဓမြတ်စွာ ဖြစ်ပါသည်။
၈။ ကိုယ် သိသလိုပေ, ခြားသူတွေ, သိစေနိုင်ပါသည်။
၉။ ဘုန်းတော်အနန္တ, မြတ်ဗုဒ္ဓ, ပြည့်ဝပါပေသည်။

## တရားဂုဏ်တော် (၆) ပါး

**ဘဂဝတာ** - မြတ်စွာဘုရားသခင်သည်၊ **အက္ခာတော**- ဟောကြားအပ်သော၊ **ဓမ္မော** - တရားတော်သည်. . .

၁။ **သွာက္ခာတော** - ကိလေသာငြိမ်းကြောင်း ကောင်းမွန်မှန်ကန်စွာ ဟောကြားတော်မူအပ်သော တရားတော်မြတ်ပါပေတကား။

၂။ **သန္ဒိဋ္ဌိကော** - ကျင့်ကြံအားထုတ်လျှင် မျက်မှောက်ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတကား။

http://www.dhammadownload.com



၃။ **အကာလိကော** - အချိန်အခွင့် မဆိုင်းလင့်ဘဲ အသင့် လက်ငင်း ချက်ချင်းအကျိုးပေးတတ်သော တရားတော်မြတ် ပါပေတကား။

၄။ **ဧဟိပဿိကော** - 'လာပါ၊ ကြည့်လှည့်ပါ' ဟု ကျင့်ကြံ အားထုတ်ရန် ဖိတ်မန်တိုက်တွန်းထိုက်သော တရားတော် မြတ်ပါပေတကား။

၅။ **ဩပနေယျိကော** - မိမိသန္တာန်၌ တည်အောင် ကျင့် ဆောင်ထိုက်သော တရားတော်မြတ်ပါပေတကား။

၆။ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** - တရားမြင်သိ ပညာရှိ ၈ ပါး အရိယာများသာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးသီး သိမြင်ခံစားရသော တရားတော်မြတ်ပါပေတကား။

## တရားဂုဏ်တော် (၆) ပါး

၁။ မြတ်စွာဘုရား, ဟောဖော်ကြား, တရားအလီလီ။
(၁၀) ကိလေသာ, ငြိမ်းအောင်သာ,
ကောင်းစွာ ဟောထားသည်။

၂။ ကျင့်ကြံကြည့်က, ကိုယ်တိုင်ပ, မုချ တွေ့နိုင်သည်။

၃။ လက်ငင်းချက်ချင်း, ကျိုးပေးခြင်း, မယွင်း ရှိပါသည်။

၄။ လာ-ကြည့်လှည့်ပါ, ဖိတ်မံတာ,
ကောင်းစွာ ထိုက်တန်သည်။

၅။ ကိုယ့်သန္တာန်မှာ, တည်အောင်သာ,
ကျင့်ကာ ဆောင်ထိုက်သည်။

၆။ အသီးသီးပင်, ပညာရှင်, သိမြင်ထိုက်ပါသည်။

http://www.dhammadownload.com



## သံဃာ့ဂုဏ်တော် (၉) ပါး

**ဘဂဝတော** - မြတ်စွာဘုရား၏၊ **သာဝကသံဃော** - တပည့်သားအပေါင်း သံဃာတော်သည်. . .

၁။ **သုပ္ပဋိပန္နော** - လောဘ၊ ဒေါသ၊ မောဟကင်းကြောင်း သီလ၊ သမာဓိ၊ ပညာအကျင့်ကောင်းကို ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၂။ **ဥဇုပ္ပဋိပန္နော** - ကိုယ်၊ နှုတ်၊ စိတ်ထား အကောက်သုံးပါး ကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၃။ **ဉာယပ္ပဋိပန္နော** - ဆင်းရဲငြိမ်းရန် နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၄။ **သာမိစိပ္ပဋိပန္နော** - သူများကပြုသည့် ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင်ကျင့်ကြံတော်မူသော သံဃာတော်မြတ်ပါပေတကား။

၅။ **အာဟုနေယျော** - အရပ်ဝေးမှသော်လည်း ဆောင်လာ၍ ပေးလှူ ပူဇော်ထိုက်၊ ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၆။ **ပါဟုနေယျော** - ချစ်မြတ်နိုးအပ်သည့် ဧည့်သည်များအတွက် အထူးပြုပြင်ထားသော စားကောင်းသောက်ဖွယ်ကိုသော်လည်း ပေးလှူပူဇော်ထိုက်၊ ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

http://www.dhammadownload.com



၇။ [illegible]ဏေယျော - နောင်တမလွန်လောက၌ ကောင်း ကျိုးရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက် သော သံဃာတော်မြတ်ပါပေတကား။

၈။ **အဉ္ဇလိကရဏီယော** -ကောင်းကျိုးချမ်းသာ မှန်စွာရ မည်ဟု ယုံကြည်မျှော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုးထိုက် သော သံဃာတော်မြတ်ပါပေတကား။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ**- ကောင်းမှုမျိုးကို စိုက်ပျိုးရန်အလို့ငှာ သတ္တဝါအပေါင်းတို့၏ အကောင်းဆုံး လယ်ယာမြေ ဖြစ်တော်မူသော သံဃာတော်မြတ်ပါပေတကား။

## သံဃာဂုဏ်တော် (၉) ပါး

၁။ မြတ်စွာဘုရား, တပည့်သား, (၈) ပါး အပေါင်းသည်။
ကျင့်ကောင်း(၃)ဖြာ, ကောင်းမွန်စွာ,
ကျင့်ကာ နေပါသည်။

၂။ အကောက်(၃)တန်, ကင်းဖို့ရန်,
ဖြောင့်မှန်စွာ ကျင့်သည်။

၃။ ဆင်းရဲ ငြိမ်းရာ, နိဗ္ဗာန်ငှာ, သင့်စွာ ကျင့်ပါသည်။

၄။ ရိုသေမှုနှင့်, ထိုက်တန်သင့်, ပြုကျင့်ပါပေသည်။

၅။ ရပ်ဝေးမှ လာ, ပူဇော်တာ, လှူတာ ခံထိုက်သည်။

၆။ ဧည့်သည်တွက်တာ, စားကောင်းရာ,
လှူတာ ခံထိုက်သည်။

http://www.dhammadownload.com



၇။ နောင်ဘဝတွက်တာ, ရည်စူးကာ,
လှူတာ ခံထိုက်သည်။

၈။ လက်အုပ်ချီကာ, ရှိခိုးတာ, မှန်စွာ ခံထိုက်သည်။

၉။ ကောင်းမှုမျိုးဖြာဖြာ, စိုက်ပျိုးရာ,
လယ်ယာကောင်း ဖြစ်သည်။

## ဂါထာစကား ထပ်မိန့်ကြား

ဘုရားရှင်က စကားပြေနဲ့ မိန့်ကြားတော်မူပြီး ဂါထာစကားနဲ့လည်း အောက်ပါစကားတွေကို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . . တော၊ သစ်ပင်အောက်၊ ဆိတ်ငြိမ်ရာအရပ်မှာ ငါဘုရားကို အဖန်တလဲလဲ အောက်မေ့ကြပါ။ အောက်မေ့ရင် သင်တို့မှာ ကြောက်လန့်တာ ဖြစ်ဖွယ်မရှိပါ။

လောကကြီးမှူးဖြစ်ပြီး ပုဂ္ဂိုလ်မြတ်ဘုရားရှင်ကိုမအောက်မေ့မိကြရင် သံသရာမှ ထွက်မြောက်စေတတ်တဲ့ ကောင်းစွာဟောအပ် တရားမြတ်ကို အောက်မေ့ကြလော့။

သံသရာမှ ထွက်မြောက်စေတတ်တဲ့ ကောင်းစွာဟောအပ်တရားမြတ်ကို မအောက်မေ့မိကြရင် ကောင်းမှုမျိုးကို စိုက်ပျိုးကျဲချရာ လယ်ယာမြေကောင်းသဖွယ် အမြတ်ဆုံးသံဃာတော်ကို အောက်မေ့ကြလော့။

ရဟန်းတို့ . . . ငါဘုရား ညွှန်ကြားတဲ့အတိုင်း ဘုရား၊ တရား၊ သံဃာကို အောက်မေ့ကြတဲ့ သင်တို့မှာ ကြောက်လန့်

http://www.dhammadownload.com



တာ၊ ကိုယ်တုန်လှုပ်တာ၊ ကြက်သီးထတာတွေ ဖြစ်လိမ့်မယ် မဟုတ်။

## ဂါထာစကား ထပ် မိန့်ကြား

၁။ စကားပြေများ, မြတ်ဘုရား, မိန့်ကြားခဲ့ပါပေ။
၂။ ဂါထာစကား, မြတ်ဘုရား, မိန့်ကြားပြန်ပါပေ။
၃။ တော-သစ်ပင်ရပ်, ဆိတ်ငြိမ်းရပ်,
ထပ်ထပ် ငါ့ အောက်မေ့လေ။
၄။ အောက်မေ့တဲ့ခါ, သင်တို့မှာ,
ကြောက်တာ ကင်းမည်ပေ။
၅။ ငါ့ မတွေးရင်, တရားတွင်, တွင်တွင် အောက်မေ့လေ။
၆။ တရား မတွေးရင်, သံဃာတွင်,
တွင်တွင် အောက်မေ့လေ။
၇။ ရတနာသုံးပါး, အောက်မေ့ပြား,
ကြောက်များ ကင်းမည်ပေ။
၈။ ကိုယ်တုန်လှုပ်တာ, ကြက်သီးမှာ,
ထတာ ကင်းမည်ပေ။

**ဓဇဂ္ဂသုတ် ပြီးပါပြီ။**

❐

http://www.dhammadownload.com

# ၈။ အာဋာနာဋိယသုတ်

## အာဋာနာဋိယသုတ်ကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့ ဘီလူးတွေက အကောင်း အမြတ်လို့ သမုတ်အပ်တဲ့ ဘုရားသာသနာမှာ မကြည်ညိုကြပါ။ ကြမ်းတမ်းကြပါတယ်။ အခါခပ်သိမ်း မကောင်းမှုကို ပြုလေ့ရှိကြပါတယ်။ ဘီလူးတွေက ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမဆိုတဲ့ ပရိသတ် ၄ ပါးကို မညှဥ်းဖို့ရော၊ ကာကွယ်စောင့်ရှောက်ဖို့ပါ ဝီရိယကြီးမားတဲ့ ဘုရားရှင်က အာဋာနာဋိယသုတ်ပရိတ်တော်ကိုဟောတော်မူခဲ့ပါတယ်။ အဲဒီ အာဋာနာဋိယသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါစို့။

## ဘုရား (၇) ဆူအား ဘုရားရှိခိုး

၁။ မျက်စိအမြင် ငါးမျိုးရှိပြီး ဘုန်းကျက်သရေရှိတော်မူတဲ့ ဝိပဿီဘုရားရှင်ကိုလည်း တပည့်တော် ရှိခိုးပါ၏။

၂။ သတ္တဝါအားလုံးတို့ကို အစဉ်သနားစောင့်ရှောက်တော်မူတဲ့ သိခီဘုရားရှင်ကိုလည်း တပည့်တော် ရှိခိုးပါ၏။

၃။ အရဟတ္တမဂ်ရေစင်နဲ့ ကိလေသာတွေကို ဆေးကြောပြီး ချီးမွမ်းဖွယ်အကျင့်ရှိတဲ့ ဝေဿဘူဘုရားရှင်ကိုလည်း တပည့်တော် ရှိခိုးပါ၏။

http://www.dhammadownload.com



၄။ မာရ်စစ်သည်တစ်သိန်းကို နှိမ်နင်းဖျက်ဆီးတော်မူပြီးတဲ့ ကကုသန္ဓဘုရားရှင်ကိုလည်း တပည့်တော် ရှိခိုးပါ၏။

၅။ မကောင်းမှုတွေကို ပယ်ရှားပြီး အရိယမဂ် အကျင့်မြတ်ရှိတဲ့ ကောဏာဂမနဘုရားရှင်ကိုလည်း တပည့်တော် ရှိခိုးပါ၏။

၆။ ကိလေသာအားလုံးမှ လုံး၀ လွတ်မြောက်တော်မူပြီးတဲ့ ကဿပဘုရားရှင်ကိုလည်း တပည့်တော် ရှိခိုးပါ၏။

၇။ သာကီဝင်မင်းသား ဂေါတမဘုရားရှင်က ဒုက္ခအားလုံးကို ပယ်နုတ်ကြောင်းတရားကို ဟောကြားတော်မူပါတယ်။ ကိုယ်အင်္ဂါမှ ရောင်ခြည်တော်ထွက်ပြီး ကျက်သရေရှိတဲ့ အဲဒီဂေါတမဘုရားရှင်ကို တပည့်တော် ရှိခိုးပါ၏။

## ၈။ အာဋာနာဋိယသုတ် လင်္ကာ

## ဘုရား (၇) ဆူအား ဘုရားရှိခိုး

၁။ မျက်စိ ငါးပါး, ဘုန်းရှိခြား,
ဝိပဿီဘုရားအား ရှိခိုးသည်။

၂။ သတ္တဝါများအား, စဉ်သနား,
သိခီဘုရားအား ရှိခိုးသည်။

၃။ စိတ်ညစ် ဆေးထား, ကျင့်ကောင်းခြား,
ဝေဿဘူဘုရားအား ရှိခိုးသည်။

http://www.dhammadownload.com



၄။ မာရ်တပ်အများ, နှိမ်နင်းထား,
ကကုသန်ဘုရားအား ရှိခိုးသည်။
၅။ မကောင်း ပယ်ရှား, ကျင့်ကောင်းပြား,
ကောဏာဂမနဘုရားအား ရှိခိုးသည်။
၆။ ကိလေသာဟူသမျှ, လွတ်ပြီးစွ,
ကဿပဘုရားအား ရှိခိုးသည်။
၇။ ရောင်ခြည်တော်တွေ, ထွက်ပြီးနေ,
ကျက်သရေ ရှိပါသည်။
၈။ ဒုက္ခပယ်ကြောင်း, တရားပေါင်း,
ကောင်းကောင်း ဟောပါသည်။
၉။ ဂေါတမမည်ပြား, ဘုရားအား, ငါကား ရှိခိုးသည်။

## ရဟန္တာတွေ

လောကမှာ ရဟန္တာတွေဟာ ကိလေသာအပူ ငြိမ်းတော်မူကြပါတယ်။ အမှန်အတိုင်း ထူးတဲ့ဉာဏ်အရ သိတော်မူကြပါတယ်။ ကုန်းတိုက်တာ ရှိတော်မမူကြပါ။ သီလစတဲ့ ဂုဏ်တွေနဲ့ မြင့်မြတ်တော်မူကြပါတယ်။ ကြောက်ရွံ့ခြင်း ကင်းတော်မူကြပါတယ်။ ဂေါတမဘုရားရှင်ဟာ နတ်လူတွေရဲ့ အစီးအပွားကို ပြုတော်မူပါတယ်။ အသိဉာဏ်၊ အကျင့်နဲ့ ပြည့်စုံတော်မူပါတယ်။ မြင့်မြတ်တော်မူပါတယ်။ ကြောက်ရွံ့ခြင်း ကင်းတော်မူပါတယ်။ အဲဒီဂေါတမဘုရားရှင်ကို အဲဒီရဟန္တာတွေက ရှိခိုးကြပါတယ်။ (အဲဒီရဟန္တာတွေကိုလည်း တပည့်တော် ရှိခိုးပါတယ်။)

http://www.dhammadownload.com



## ရဟန္တာတွေ

၁။ လောကကြီးမှာ, ရဟန္တာ, များစွာ ရှိပါသည်။
၂။ အပူကိလေသာ, ငြိမ်းပြီးကာ, မှန်စွာ သိမြင်သည်။
၃။ ကုန်းတိုက်မှုမှာ, ကင်းကြပါ,
မြတ်ကာ ကြောက်ကင်းသည်။
၄။ ထိုရဟန္တာတွေက, ဂေါတမ, ဗုဒ္ဓကို ရှိခိုးသည်။
၅။ ဂေါတမဟာ, လူနတ်မှာ, ပြုပါ ကျိုးလီလီ။
၆။ သိ-ကျင့်ပြည့်ကာ, မြင့်မြတ်ပါ,
ကြောက်တာ ကင်းစင်သည်။
၇။ ထိုဂေါတမအား, ရဟန္တာတွေကား, ဝပ်တွား ရှိခိုးသည်။
၈။ ထိုရဟန္တာတွေအား, ငါသည်ကား, ဝပ်တွား ရှိခိုးသည်။

## ဘုရားရှင်တွေရဲ့ ကြည်ညိုဖွယ် ဂုဏ်အသွယ်သွယ်

ဝိပဿီစတဲ့ ဘုရား ၇ ဆူတွေရော၊ ကုဿရာပေါင်းများစွာသော အခြားဘုရားရှင်တွေပါ ဘုရားရှင်အားလုံးဟာ အတူမရှိတဲ့ ရှေးဘုရားရှင်တွေနဲ့သာ တူတော်မူကြပါတယ်။ ဘုရားရှင်အားလုံးဟာ တန်ခိုးကြီးတော်မူကြပါတယ်။ ဉာဏ်တော် ၁၀ ပါး ဘုရားရှင်တို့ စွမ်းအားတွေနဲ့ ပြည့်စုံတော်မူကြပါတယ်။ ဝေသာရဇ္ဇဉာဏ်တော်တွေနဲ့ ပြည့်စုံတော်မူကြပါတယ်။ မြင့်မြတ်ထူးခြား ဘုရားအဖြစ်ကို ဝန်ခံတော်မူကြပါတယ်။ ပရိသတ် ၈ပါးမှာ ကြောက်ရွံ့ခြင်း ကင်းတော်မူကြပါ

http://www.dhammadownload.com



တယ်။ ခြသေ့်မင်းရဲ့အသံအလား တရားတော်အသံကို ကျူး ရင့်တော်မူကြပါတယ်။ လောကမှာ ဘယ်ဗြဟ္မာ၊ နတ်၊ လူကမျှ မတားမြစ်နိုင်တဲ့ ဓမ္မစက်မြတ်ကို လည်စေတော်မူကြပါတယ်။ ၁၈ ပါးသော ဘုရားဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူကြပါတယ်။ လောကရဲ့အကြီးအမှူးဖြစ်တော်မူကြပါတယ်။ ၃၂ ပါးသော ယောကျ်ားမြတ်တို့ရဲ့လက္ခဏာတွေနဲ့ ပြည့်စုံတော်မူကြပါ တယ်။ ၈၀ သော လက္ခဏာငယ်တွေကို ဆောင်တော်မူကြပါ တယ်။ တစ်လံမျှလောက်သောရောင်ခြည်တော်ပမာ ရောင် ခြည်တော် ရှိတော်မူကြပါတယ်။ တရားအလုံးစုံကို အကုန် သိမြင်တော်မူကြပါတယ်။ အာသဝေါ ကုန်ပြီးတော်မူကြပါ တယ်။ မာရ်ငါးပါးကို အောင်တော်မူပြီးကြပါ တယ်။ ထူးမြတ် တဲ့ ကိုယ်ရောင်၊ ဉာဏ်ရောင် ရှိတော်မူကြပါတယ်။ တန်ခိုးကြီး တော်မူကြပါတယ်။ ပညာကြီးတော်မူကြပါတယ်။ ကိုယ်အား၊ ဉာဏ်အား ကြီးမားတော်မူကြပါတယ်။ ကြီးမားတဲ့ ကရုဏာ ရှိတော်မူကြပါတယ်။ မြဲခိုင်တဲ့ သမာဓိ ရှိတော်မူကြပါတယ်။ သတ္တဝါအားလုံးရဲ့ ချမ်းသာကို ဆောင်ရွက်တော်မူကြပါတယ်။ သတ္တဝါတွေရဲ့ ကျွန်းကြီးပမာ မှီခိုရာလည်း ဖြစ်တော်မူကြပါ တယ်။ ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူကြပါတယ်။ ထောက်တည်ရာလည်း ဖြစ်တော်မူကြပါတယ်။ ဝဋ်ဆင်းရဲ မှလည်း ကယ်တင် စောင့်ရှောက်တော်မူကြပါတယ်။ ဘေး မရောက်အောင် တိမ်းရှောင်ပုန်းအောင်းရာလည်း ဖြစ်တော်

http://www.dhammadownload.com



မူကြပါတယ်။ နတ်လူအများအားထားချဉ်းကပ်ရာလည်း ဖြစ်တော်မူကြပါတယ်။ မိတ်ဆွေကောင်းလည်း ဖြစ်တော်မူကြပါတယ်။ ထူးမြတ်တဲ့ ထောက်တည်ရာ မှီခိုရာလည်း ဖြစ်တော်မူကြပါတယ်။ ဆင်းရဲဒုက္ခလည်း ဖျက်ဆီးတော်မူကြပါတယ်။ အကျိုးစီးပွားကိုသာ ရှာမှီးတော်မူလေ့ ရှိကြပါတယ်။ အဲဒီ ဘုရားရှင်အားလုံးဟာ နတ်နဲ့ တကွသော သတ္တဝါအပေါင်းရဲ့ ထူးမြတ်တဲ့ မှီခိုဆည်းကပ်ရာ ဖြစ်တော်မူကြပါတယ်။ ယောကျ်ားမြတ်ဖြစ်တော်မူကြတဲ့ အဲဒီ ဘုရားရှင်တွေကိုရော၊ အဲဒီဘုရားရှင်တွေရဲ့ခြေတော်တွေကိုပါ ဘုရားတပည့်တော်ဟာ ဦးခေါင်းရတနာနဲ့ ရှိခိုးပါတယ်။

## ဘုရားရှင်တွေရဲ့ ကြည်ညိုဖွယ် ဂုဏ်အသွယ်သွယ်

၁။ ထို (၇) ဆူပါ, ကုဋ္ဌေရာ, များစွာ ဘုရားသည်။
၂။ တုမရှိခြား, ရှေးဘုရား, တူသွားကြပါသည်။
၃။ တန်ခိုးကြီးမား, ဉာဏ်စွမ်းအား, (၁၀) ပါး ပြည့်စုံသည်။
၄။ ရဲရင့်ဉာဏ်ရှိ, မြင့်မြတ်ဘိ, ဘုရားဖြစ်၍ ဝန်ခံသည်။
၅။ ပရိသတ်မှာ, ကြောက်ကင်းပါ,
ပမာခြင်္သေ့ ပြောကြားသည်။
၆။ ဘယ်သူကမှ, တားမရ, ဓမ္မစက်ကို လည်စေသည်။
၇။ ဘုရားဂုဏ်တွေ, (၁၈) ထွေ, ပြည့်နေကြပါသည်။
၈။ လောကကြီးမှာ, ကြီးမျှုးသာ, ဖြစ်ကာနေကြသည်။
၉။ (၃၂) ဖြာ, လက္ခဏာ, ကြီးပါ ပြည့်စုံသည်။

http://www.dhammadownload.com



၁၀။ (၈၀) ရှိပါ, လက္ခဏာ, ငယ်ပါ ပြည့်စုံသည်။
၁၁။ တစ်လံမျှသာ, ရောင်တော်ဟာ,
ရောင်ဝါ တောက်ပသည်။
၁၂။ အကုန်သိကာ, အာသဝါ, ကုန်ကာ နေကြသည်။
၁၃။ မာရ်ငါးအောင်ပြား, ထူးမြတ်သား,
ရောင်များ ရှိကြသည်။
၁၄။ တန်ခိုးကြီးပါ, ကြီးပညာ, နှစ်ဖြာ အားကြီးသည်။
၁၅။ ကရုဏာ ကြီးမား, မြဲခိုင်ပြား, သမာဓိအား ရှိသည်။
၁၆။ အားလုံးသတ္တဝါ, ချမ်းသာသာ,
ဆောင်ကာ ပေးကြသည်။
၁၇။ ကျွန်းကြီးပမာ, ခိုကိုးရာ, ဖြစ်ကာ နေကြသည်။
၁၈။ ကိုးကွယ်စရာ, ထောက်တည်ရာ, ဖြစ်ကာ နေကြသည်။
၁၉။ စောင့်ရှောက်တတ်ပါ, ပုန်းအောင်းရာ,
ဖြစ်ကာ နေကြသည်။
၂၀။ လူနတ်များစွာ, ချဉ်းကပ်ရာ, ဖြစ်ကာ နေကြသည်။
၂၁။ မိတ်ကောင်း ဖြစ်ကာ, ထူးမြတ်ပါ,
ထောက်ရာ တည်ရာ ဖြစ်ကြသည်။
၂၂။ ဆင်းရဲ ပယ်ခွါ, ကျိုးကိုသာ, ဖွေရှာကြပေသည်။
၂၃။ သတ္တဝါများစွာ, ထူးမြတ်ပါ, မှီရာ ဖြစ်ပါသည်။
၂၄။ ထိုဘုရားတွေပါ, ခြေတွေပါ, ငါဟာ ရှိခိုးသည်။

http://www.dhammadownload.com



## အခါခပ်သိမ်း ရှိခိုးပါတယ်

တပည့်တော်ဟာ အဲဒီဘုရားရှင်တွေကို အိပ်တဲ့အခါမှာရော၊ ထိုင်တဲ့အခါမှာရော၊ ရပ်တဲ့အခါမှာရော၊ သွားတဲ့အခါမှာပါ အခါခပ်သိမ်း နှုတ်နဲ့ရော၊ စိတ်နဲ့ပါ ရှိခိုးပါတယ်။

## အခါခပ်သိမ်း ရှိခိုးပါတယ်

၁။ ထိုဘုရားတွေအား, ငါသည်ကား, ဝပ်တွား ရှိခိုးသည်။
၂။ အိပ်စဉ်-ထိုင်စဉ်, ရပ်-သွားစဉ်, မြဲပင် ရှိခိုးသည်။
၃။ နှုတ်နဲ့ ရှိခိုး, စိတ်ရှိခိုး, နှစ်မျိုး ရှိခိုးသည်။

## ဘုရားရှင်တွေထံမှ တောင့်တချက်

ဒုက္ခငြိမ်းအောင် ပြုတော်မူကြတဲ့ ဘုရားရှင်တွေဟာ သင့်ကို အခါခပ်သိမ်း ချမ်းသာရေးနဲ့ စောင့်ရှောက်ပေးတော်မူကြပါစေ။ သင်ဟာ အဲဒီ ဘုရားရှင်တွေရဲ့ အစောင့်အရှောက်ခံရလို့ ဘေးရန်ခပ်သိမ်းတွေမှလည်း လွတ်မြောက်ပါစေ။ သင်ဟာ ရောဂါမှန်သမျှ အထူးလွတ်ကင်းပါစေ။ အပူအပန်အားလုံး ကွင်းရှောင်ပါစေ။ ရန်အားလုံးကို ကျော်လွှန်နိုင်ပါစေ။ ငြိမ်းအေးသူလည်း ဖြစ်ပါစေ။ အဲဒီ ဘုရားရှင်တွေရဲ့ သစ္စာ၊ သီလ၊ ခန္တီ၊ မေတ္တာတော်စွမ်းအားအရ အဲဒီဘုရားရှင်တွေက ငါတို့ကိုလည်း ရောဂါကင်းရေး၊ ချမ်းသာရေးနဲ့ အစဉ်စောင့်ရှောက်ပေးတော်မူကြပါစေ။

http://www.dhammadownload.com



## ဘုရားရှင်တွေထံမှ တောင့်တချက်

၁။ ဘုရားတွေကား, ဒုက္ခများ, ငြိမ်းသွားအောင် လုပ်ပေ။
၂။ ချိန်ခါမရွေး, ချမ်းသာရေး, ပြုပေးတော်မူစေ။
၃။ ဘုရား စောင့်တာ, ခံရပါ, သင့်မှာ ဘေးကင်းစေ။
၄။ ရောဂါ ကင်းစေ, ပူကင်းစေ, ရန်တွေ ကျော်-ငြိမ်းစေ။
၅။ ဘုရားရှင်များ, ဒီတရား, (၄) ပါး စွမ်းအရပေ။
၆။ သစ္စာ-သီလ, ခန္တိပ, တစ်ဝ မေတ္တာပေ။
၇။ ရောဂါကင်းရေး, ချမ်းသာရေး, ပြုပေးကြပါစေ။
၈။ ဘုရားတွေဟာ, ငါတို့မှာ, မြဲသာ စောင့်ပါစေ။

## အရပ် (၄) ပါးက နတ်တွေ

အရှေ့ဘက်အရပ်မျက်နှာမှာ တန်ခိုးကြီး ဂန္ဓဗ္ဗနတ်တွေ ရှိကြပါတယ်။ တောင်ဘက်အရပ်မျက်နှာမှာ တန်ခိုးကြီး ကုမ္ဘဏ်နတ်တွေ ရှိကြပါတယ်။ အနောက်ဘက်အရပ်မျက်နှာမှာ တန်ခိုးကြီး နတ်နဂါးတွေ ရှိကြပါတယ်။ မြောက်ဘက်အရပ်မျက်နှာမှာ တန်ခိုးကြီး နတ်ဘီလူးတွေ ရှိကြပါတယ်။ အဲဒီ ဂန္ဓဗ္ဗနတ်တွေ၊ ကုမ္ဘဏ်နတ်တွေ၊ နတ်နဂါးတွေ၊ နတ်ဘီလူးတွေဟာလည်း ငါတို့ကို ရောဂါကင်းရေး၊ ချမ်းသာရေးနဲ့ အစဉ်စောင့်ရှောက်ပေးတော်မူကြပါစေ။

http://www.dhammadownload.com



## အရပ် (၄) ပါးက နတ်တွေ

၁။ တန်ခိုးကြီးပေ, နတ်ကြီးတွေ, စောင့်ပေ ရပ် (၄) ဖြာ။
၂။ နတ်ဂန္ဓဗ္ဗ, ကုမ္ဘဏ္ဍ, နာဂ ဘီလူးပါ။
၃။ အရှေ့-တောင်ရပ်, အနောက်ရပ်,
မြောက်ရပ် စောင့်ကြပါ။
၄။ ထိုနတ်တွေဟာ, ငါတို့မှာ, စောင့်ပါ အမြဲသာ။
၅။ ရောဂါကင်းရေး, ချမ်းသာရေး, စောင့်ပေးတော်မူပါ။

## နတ်မင်းကြီး (၄) ပါး

အရှေ့အရပ်က ဓတရဋ္ဌနတ်မင်း၊ တောင်အရပ်က ဝိရူဠှက နတ်မင်း၊ အနောက်အရပ်က ဝိရူပက္ခနတ်မင်း၊ မြောက်အရပ် က ကုဝေရနတ်မင်း၊ အခြွေအရံများပြီး လောကကို စောင့်ရှောက် တဲ့ အဲဒီနတ်မင်းကြီး ၄ ပါးဟာလည်း ငါတို့ကို ရောဂါကင်း ရေး၊ ချမ်းသာရေးနဲ့ အစဉ်စောင့်ရှောက်ပေးတော်မူကြပါစေ။

## နတ်မင်းကြီး (၄) ပါး

၁။ ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ ကုဝေရာ။
၂။ ရှေ့-တောင်-နောက်ရပ်, မြောက်အရပ်,
စောင့်ကြပ် စဉ်တိုင်းသာ။
၃။ အခြွေရံများ, လောကအား, စောင့်သွားကြလေပါ။
၄။ ထိုနတ်မင်းတွေဟာ, ငါတို့မှာ, မြဲသာ စောင့်ရှောက်ပါ။
၅။ ရောဂါကင်းရေး, ချမ်းသာရေး, စောင့်ပေးတော်မူပါ။

http://www.dhammadownload.com



## ကောင်းကင်နဲ့ မြေပေါ်က

ကောင်းကင်ရှိ တန်ခိုးကြီး နတ်တွေရော၊ မြေပေါ်ရှိ တန်ခိုးကြီး နတ်တွေရော၊ နဂါးတွေပါ ရှိကြပါတယ်။ အဲဒီ နတ်တွေ၊ နဂါးတွေကလည်း ငါတို့ကို ရောဂါကင်းရေး၊ ချမ်းသာရေးနဲ့ အစဉ်စောင့်ရှောက်ပေးတော်မူကြပါစေ။

## ကောင်းကင်နဲ့ မြေပေါ်က

၁။ ကောင်းကင်-မြေမှာ, နတ်တွေဟာ, ကြီးပါ တန်ခိုးတွေ။
၂။ ထိုနတ်တွေပါ, နဂါးပါ, ငါ့မှာ စေ့ငှ့ပါစေ။
၃။ ရောဂါကင်းရေး, ချမ်းသာရေး, စောင့်ပေးကြပါစေ။

## သာသနာစောင့်နတ်တွေ

ဒီဘုရားသာသနာမှာ တန်ခိုးကြီးနတ်တွေ ရှိကြပါတယ်။ အဲဒီနတ်တွေကလည်း ငါတို့ကို ရောဂါကင်းရေး၊ ချမ်းသာရေးနဲ့ အစဉ်စောင့်ရှောက်ပေးတော်မူကြပါစေ။

## သာသနာစောင့်နတ်တွေ

၁။ တန်ခိုးကြီးမား, နတ်အများ,
ဘုရားသာသနာမှာ ရှိကြပေ။
၂။ ထိုနတ်တွေဟာ, ငါတို့မှာ, မြဲသာ စောင့်ပါစေ။
၃။ ရောဂါကင်းရေး, ချမ်းသာရေး, စောင့်ပေးကြပါစေ။

http://www.dhammadownload.com



## ဆုတောင်း

ဘေးရန်တွေဟူသမျှ ရှောင်ရှားကြပါစေ။ စိုးရိမ်သောက နဲ့ အနာရောဂါဟာ ကင်းပျောက်ပါစေ။ သင့်မှာ အန္တရာယ် ကင်းပါစေ။ သင်ဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ အသက် ရှည်ပါစေ။

## ဆုတောင်း

၁။ ဘေးရန်ဟူသမျှ, ရှောင်ရှားကြ, သောက-နာ ကင်းစေ။
၂။ အန္တရာယ် ကင်းစေ, ချမ်းသာစေ,
ရှည်စေ အသက်တွေ။

## ရှိခိုးရကျိုး

ရှိခိုးခြင်း အလေ့ရှိပြီး အသက်၊ သိက္ခာကြီးသူတွေကို အရိုအသေ ပြုတတ်သူမှာ အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ ခွန်အား အကျိုးတရား ၄ ပါး တိုးပွားကြပါတယ်။

## ရှိခိုးရကျိုး

၁။ ရှိခိုး-ရိုသေ, ထိုသူလေ, (၄) ထွေ ကျိုးရပါ။
၂။ သက်ရှည်-ဆင်းလှ, ချမ်းသာရ, ဗလ ကျိုး(၄) ဖြာ။

**အာဋာနာဋိယသုတ် ပြီးပါပြီ။**

❑

http://www.dhammadownload.com

## ၉။ အင်္ဂုလိမာလသုတ်

### အင်္ဂုလိမာလသုတ်ကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့၊ အင်္ဂုလိမာလပရိတ်တော်ကို ရွတ်ဆိုတဲ့ပုဂ္ဂိုလ် ထိုင်တဲ့ထိုင်ခုံကို ဆေးတဲ့ ရေကတောင်မှ ဘေးရန်အားလုံးကိုပဲ ကင်းပျောက်စေနိုင်ပါတယ်။ အဲဒီ အင်္ဂုလိမာလပရိတ်တော်ကပဲ တစ်ခဏချင်းနဲ့ ချမ်းချမ်းသာသာ မွေးဖွားရမှုကို ပြီးစေနိုင်ပါတယ်။ ဘုရားရှင်က အင်္ဂုလိမာလ မထေရ်အား အင်္ဂုလိမာလပရိတ်တော်ကို ဟောကြားခဲ့ပါတယ်။ အင်္ဂုလိမာလ ပရိတ်တော်အစွမ်းဟာ ကမ္ဘာဆုံးတိုင် တည်တံ့နိုင်ပါတယ်။ စွမ်းအားကြီးမားလှတဲ့ အဲဒီအင်္ဂုလိမာလ ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါစို့။

### သစ္စာပြုပုံ

နှမ၊ ငါဟာ အရိယာဇာတ်နဲ့ ဖြစ်တဲ့အခါ (ရဟန်းဖြစ်ရာအခါ) ကစပြီး သတ်လိုတဲ့ စေတနာနဲ့ သတ္တဝါကို သတ်ခဲ့ဖူးတာ မသိပါ။ ဒီသစ္စာစကားကြောင့် သင်ရော၊ ကလေးပါ ချမ်းသာပါစေ။

http://www.dhammadownload.com



## ၉။ အင်္ဂုလိမာလသုတ် လင်္ကာ

### သစ္စာပြုပုံ

၁။ အရိယာဖြစ်စွ, ချိန်ကစ, ငါက မသတ်ပြီ။

၂။ ထိုမှစကာ, သတ္တဝါ, သတ်တာ မသိပြီ။

၃။ ဒီသစ္စာကြောင့်သာ, အသင့်မှာ, ချမ်းသာသွားပါစေ။

၄။ ဒီသစ္စာကြောင့်သာ, ကလေးမှာ, ချမ်းသာသွားပါစေ။

**အင်္ဂုလိမာလသုတ် ပြီးပါပြီ။**

❐

http://www.dhammadownload.com

## ၁၀။ ဗောဇ္ဈင်သုတ်

## ဗောဇ္ဈင်သုတ်ကို ချီးမွမ်းတဲ့ စကားများ

အို. . . သူတော်ကောင်းတို့၊ ဗောဇ္ဈင် ၇ ပါး တရားတွေဟာ သံသရာမှာ ကျင်လည်ကြတဲ့ သတ္တဝါတွေရဲ့ ဆင်းရဲအားလုံးကို ပယ်ဖျောက်နိုင်ကြပါတယ်။ ကိလေသာ မာရ်စစ်သည်အပေါင်းကို နှိမ်နင်းနိုင်ကြပါတယ်။ သတ္တဝါတွေဟာ ဗောဇ္ဈင်တရား ၇ ပါးကို သိကြလို့ မွန်မြတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သွားကြပါတယ်။ ကာမ၊ ရူပ၊ အရူပဆိုတဲ့ ဘဝ ၃ မျိုးမှ လွတ်မြောက်သွားကြပါတယ်။ ပဋိသန္ဓေနေရမှု၊ အိုရမှု၊ နာရမှု၊ သေရမှုတွေကင်းတဲ့ ဘေးမရှိရာ နိဗ္ဗာန်သို့ ရောက်သွားကြပါတယ်။ ဗောဇ္ဈင်သုတ်ပရိတ်တရားဟာ ဒုက္ခမှ လွတ်ပြီး နိဗ္ဗာန်ရခြင်းဆိုတဲ့ အကျိုးဂုဏ်တွေနဲ့လည်း ပြည့်စုံပါတယ်။ ဂုဏ်အမျိုးမျိုးတွေကို သိမ်းကျုံးပြီးလည်း ယူနိုင်ပါတယ်။ ရောဂါပျောက်ရေးဝယ် ဆေးသဖွယ်လည်း ဖြစ်ပါတယ်။ အန္တရာယ်ကင်းရေးဝယ် မန္တန်သဖွယ်လည်း ဖြစ်ပါတယ်။ ဒီ ဗောဇ္ဈင်သုတ် ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြပါစို့။

http://www.dhammadownload.com



## ဗောဇ္ဈင်နဲ့ သစ္စာဆိုပုံ

အကုန်သိမြင်ဘုရားရှင်က ကောင်းကောင်း ဟောကြား ထားခဲ့တဲ့ သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဆိုတဲ့ ဗောဇ္ဈင် ၇ ပါးတရားတွေကို ပွားများလေ့လာ ရင် အဲဒီဗောဇ္ဈင် ၇ ပါးဟာ သစ္စာလေးပါးကို သိဖို့၊ နိဗ္ဗာန်နဲ့ မဂ်ကို ရဖို့ ဖြစ်ကြပါတယ်။ ဒီသစ္စာ စကားကြောင့် သင့်မှာ အခါခပ်သိမ်း ချမ်းသာပါစေ။

## ၁၀။ ဗောဇ္ဈင်သုတ်လင်္ကာ

## ဗောဇ္ဈင်နဲ့ သစ္စာဆိုပုံ

၁။ ဗောဇ္ဈင် (၇) ပါး, မြတ်ဘုရား, ဟောကြားထားခဲ့ပါ။
၂။ သတိ - ဓမ္မ, ဝိစယ, ဝီရိယ ပီတိပါ။
၃။ ပဿဒ္ဓိ ဒွိ, သမာဓိ, ထပ်ထည့် ဥပေက္ခာ။
၄။ ဗောဇ္ဈင် ပွားရင်, သစ္စာ မြင်, ခိုဝင် နိဗ္ဗာန်မှာ။
၅။ ဒီသစ္စာကြောင့်သာ, အသင့်မှာ, ချမ်းသာနေပါစေ။

## မထေရ်(၂)ပါးနဲ့ ဗောဇ္ဈင်

အခါတစ်ပါးမှာ ဘုရားရှင်က အရှင်မောဂ္ဂလ္လာန်နဲ့ အရှင် ကဿပတို့ မကျန်းမမာဖြစ်ကာ ဒုက္ခရောက်နေကြတာကို မြင်ရပြီး ဗောဇ္ဈင် ၇ ပါးတွေကို ဟောတော်မူခဲ့ပါတယ်။ အဲဒီ မထေရ်နှစ်ပါးကလည်း အဲဒီဗောဇ္ဈင် ၇ ပါး တရားကို နှစ်သက် ပြီး အဲဒီခဏမှာ ရောဂါမှ လွတ်မြောက်သွားကြပါတယ်။ ဒီ သစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ချမ်းသာပါစေ။

http://www.dhammadownload.com



## မထေရ်(၂)ပါးနဲ့ ဗောဇ္ဈင်

၁။ ထေရ် (၂) ပါးကား, ခါတစ်ပါး, နာဖျားနေကြသည်။
၂။ မောဂ္ဂလ္လာန, ကဿပ, နှစ်ဝ ဖြစ်ပါသည်။
၃။ ဘုရား မြင်ပေ, ဗောဇ္ဈင်တွေ, ဟောချေပေးခဲ့သည်။
၄။ ထေရ်(၂) ပါးက, သဘောကျ, ရောဂ လွတ်မြောက်ပြီ။
၅။ ဒီသစ္စာကြောင့်သာ, အသင့်မှာ, ချမ်းသာနေပါစေ။

## ဘုရားရှင်နဲ့ ဗောဇ္ဈင်

အခါတစ်ပါးမှာ ဘုရားရှင်တောင်မှ ရောဂါဝေဒနာရဲ့ အပြင်းအထန် နှိပ်စက်မှုကို ခံရပါတယ်။ ဘုရားရှင်က အရှင်စုန္ဒမထေရ်ကို အဲဒီဗောဇ္ဈင်တရားတော်ကိုပဲ ရိုသေလေးစားစွာ ရွတ်ဆိုခိုင်းတော်မူပါ တယ်။ ဝမ်းမြောက်တော်မူပါတယ်။ တစ်ခဏချင်းပဲ အဲဒီရောဂါမှ ထမြောက် ကင်းပျောက်တော်မူသွားပါတယ်။ ဒီသစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ချမ်းသာပါစေ။

## ဘုရားရှင်နဲ့ ဗောဇ္ဈင်

၁။ ခါတစ်ပါးမှာ, ဘုရားဟာ, ရောဂါ ပြင်းထန်ခံရသည်။
၂။ ဘုရားရှင်က, ရှင်စုန္ဒ, ရွတ်ပြခိုင်းပါသည်။
၃။ စုန္ဒ ရွတ်ပြ, ဗောဇ္ဈင်, ဗုဒ္ဓ ဝမ်းမြောက်သည်။
၄။ ထိုတစ်ခဏ, ရောဂါမှ, ဗုဒ္ဓ လွတ်မြောက်ပြီ။
၅။ ဒီသစ္စာကြောင့်သာ, အသင့်မှာ, ချမ်းသာနေပါစေ။

http://www.dhammadownload.com



## အရှင်မြတ် (၃) ပါးနဲ့ ဗောဇ္ဈင်

ဘုရားရှင်၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပဆိုတဲ့ အရှင်မြတ် ၃ ပါးတို့မှာ ဗောဇ္ဈင်တရားနဲ့ ပယ်ရှားလိုက်တဲ့ ရောဂါဝေဒနာတွေဟာလည်း နောက်ထပ် ဖြစ်ပေါ်လာခြင်း လုံးဝ မရှိကြတော့ပါ။ ဥပမာ-အရိယမဂ်တွေနဲ့ ပယ်ရှား ဖျက်ဆီးခံရတဲ့ ကိလေသာတွေဟာ နောက်ထပ် ဖြစ်ပေါ်လာခြင်း လုံးဝ မရှိကြတော့သလိုပါပဲ။

ဒီသစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ချမ်းသာပါစေ။

## အရှင်မြတ် (၃) ပါးနဲ့ ဗောဇ္ဈင်

၁။ မဂ်ဖြင့် ပယ်ရှား, ကိလေများ, ပေါ်ပြား မရှိပြီ။
၂။ ထိုနည်းတူစွာ, (၃) ပါးမှာ, ရောဂါ ပယ်လိုက်ပြီ။
၃။ ဒီသစ္စာကြောင့်သာ, အသင့်မှာ, ချမ်းသာနေပါစေ။

**ဗောဇ္ဈင်သုတ် ပြီးပါပြီ။**

❐

http://www.dhammadownload.com

## ၁၁။ ပုဗ္ဗဏှသုတ်
## ရှေးဆရာတို့ စီစဉ်ခဲ့တဲ့ ဆုတောင်းများ

မကောင်းတဲ့နိမိတ်၊ အမင်္ဂလာ၊ နှစ်သက်ဖွယ်မရှိတဲ့ ငှက်ဆိုးသံ၊ ဂြိုဟ်ဆိုး၊ နှစ်လိုဖွယ်မရှိတဲ့ အိပ်မက်ဆိုး အမျိုးမျိုး တွေဟာ ဘုရားရှင်တွေရဲ့အစွမ်းကြောင့် ကင်းပျောက်ကြပါ စေ။ တရားတော်တွေရဲ့အစွမ်းကြောင့် ကင်းပျောက်ကြပါ စေ။ သံဃာတော်တွေရဲ့ အစွမ်းကြောင့် ကင်းပျောက်ကြပါစေ။

## ၁၁။ ပုဗ္ဗဏှသုတ် လင်္ကာ
## ရှေးဆရာတို့ စီစဉ်ခဲ့တဲ့ ဆုတောင်းများ

၁။ နိမိတ်မကောင်းတာ, အ မင်္ဂလာ, ကင်းကွာကြပါစေ။
၂။ ငှက်သံဆိုးဆိုး, အိပ်မက်ဆိုး, ဂြိုဟ်ဆိုး ကင်းပါစေ။
၃။ ဘုရား-တရား, သံဃာများ, စွမ်းအားကြောင့် ကင်းစေ။

## မေတ္တာဆုတောင်းများ

ဆင်းရဲဒုက္ခ ကြုံတွေ့နေရတဲ့ သတ္တဝါမှန်သမျှ ဆင်းရဲဒုက္ခ ကင်းကြပါစေ။

http://www.dhammadownload.com



ဘေးအန္တရာယ် ဆိုက်ရောက်နေကြတဲ့ သတ္တဝါမှန်သမျှ
ဘေးအန္တရာယ် ကင်းကြပါစေ။
စိတ်သောကရောက်နေကြတဲ့ သတ္တဝါမှန်သမျှ
စိတ်သောက ကင်းဝေးကြပါစေ။

## မေတ္တာဆုတောင်းများ

၁။ ဆင်းရဲဒုက္ခ, ဘေးဘယ, သောက ရောက်သူတွေ။
၂။ ဆင်းရဲကင်းစေ, ဘေးကင်းစေ, ကင်းစေ သောကတွေ။

## အမျှဝေ

မကြာခဏ ရောက်ပြီးနေရတဲ့ အတိုင်းအရှည်အရ အသင်နတ်တွေနဲ့ ငါတို့ ကောင်းကောင်း စုဆောင်းထားတဲ့ ကောင်းမှုရဲ့ ပြည့်စုံတာကို စည်းစိမ်ချမ်းသာအကုန် ပြည့်စုံလာဖို့ရာ ဒီနေရာမှာ ရောက်ရှိနေတဲ့ နတ်ပြဟ္မာအားလုံးဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြပါလော့။

## အမျှဝေ

၁။ ငါတို့ပြုထား, ကောင်းမှုများ, နတ်များ ဝမ်းသာပါ။
၂။ ချမ်းသာစုံစွာ, သင်တို့မှာ, ပြည့်လာဖို့ရာပါ။

## တိုက်တွန်းခွင့်လွှတ်ပုံ

ပရိတ်တရားကို နာယူဖို့ ရောက်နေကြတဲ့ နတ်ပြဟ္မာ အပေါင်းဟာ ကံ၊ကံရဲ့အကျိုးကို ယုံကြည်တာ အလျှုကို လှူ

http://www.dhammadownload.com



ကြပါလော့။ အခါခပ်သိမ်း သီလကို စောင့်ရှောက်ကြပါလော့။ သမထ၊ ဝိပဿနာ ဘာဝနာမှာ ပျော်ပိုက်ကြပါလော့။ တရားနာ လာရောက်ကြတဲ့ နတ် ဗြဟ္မာတွေ ကိုယ့်ဒေသသို့ ပြန်ကြပါလော့။

## တိုက်တွန်းခွင့်လွှတ်ပုံ

၁။ ယုံကြည်သဒ္ဓါ, ရှေ့ထားကာ, လျှတာ လှူပ်ကြပါ။
၂။ အမြဲသီလ, စောင့်ရှောက်ကြ, ပျော်ကြ ဘာဝနာမှာ။
၃။ တရားနာလာ, နတ်ဗြဟ္မာ, ပြန်ပါ ကိုယ့်ဒေသာ။

## အရံအတားဖွဲ့ပုံ

ကိုယ်အား၊ ဉာဏ်အားကိုပိုင်ထားကြတဲ့ ဘုရားရှင်တွေနဲ့ ပစ္စေကဗုဒ္ဓါတွေရဲ့ အစွမ်းနဲ့ရော၊ ရဟန္တာတွေရဲ့ အစွမ်းနဲ့ပါ အကာအကွယ် အစောင့်အရှောက်ကို ငါဟာ အခါခပ်သိမ်း (ဝါ) အရပ်မျက်နှာအားလုံးမှာ ဖွဲ့ထားပါတယ်။

(အဲဒီဖွဲ့ထားမှုကြောင့် ဘေးအားလုံး ကင်းပျောက်ကြပါစေ။)

## အရံအတား ဖွဲ့ပုံ

၁။ ကိုယ်အား ဉာဏ်အား, ဘုရားများ,
ပိုင်ထားကြပါသည်။
၂။ ပစ္စေကဗုဒ္ဓါ, ရဟန္တာ, ရှိပါ အားကိုယ်စီ။

http://www.dhammadownload.com



၃။ ထိုအားတွေနဲ့သာ, ငါ့တွက်တာ,
ကွယ်ကာဖွဲ့ထားသည်။

## ရတနာနဲ့ သစ္စာ

လူ့ပြည်၊ နဂါး၊ ဂဠုန်စတဲ့ ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တွေမှာ ရှိသမျှ ကောင်းမြတ်တဲ့ ရတနာတွေထဲမှာ ဘုရား၊ တရား၊ သံဃာနဲ့ တူတဲ့ ရတနာဆိုတာ မရှိနိုင်ပါ။ ဒီဘုရား၊ တရား၊ သံဃာဟာလည်း လောကီ ရတနာတွေထက် သာလွန်တဲ့ ရတနာတွေ ဖြစ်ကြပါတယ်။ ဒီသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## ရတနာနဲ့ သစ္စာ

၁။ လူ့ပြည်-နတ်ပြည်, နဂါးပြည်, ရှိသည် ရတနာ။
၂။ ဘုရားနှင့် တူပါ, ရတနာ, ဘယ်မှာ မရှိပါ။
၃။ တရားနှင့် တူပါ, ရတနာ, ဘယ်မှာ မရှိပါ။
၄။ သံဃာနှင့် တူပါ, ရတနာ, ဘယ်မှာ မရှိပါ။
၅။ လောကီရတနာထက်သာ, ထိုသုံးဖြာ,
လွန်ကာ မြင့်မြတ်ပါ။
၆။ ဒီသစ္စာကြောင့်သာ, သတ္တဝါ, ချမ်းသာကြပါစေ။

## တောင့်တချက်

ကောင်းခြင်း မင်္ဂလာမှန်သမျှ ဖြစ်ပါစေ။ နတ်အားလုံးတွေက စောင့်ရှောက်ကြပါစေ။ ဘုရားရှင်အားလုံး၊ တရားတော်

http://www.dhammadownload.com



အားလုံး၊ သံဃာတော်အားလုံးတို့ရဲ့ အစွမ်းကြောင့် အဲဒီ သတ္တဝါတွေ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

## တောင့်တချက်

၁။ မင်္ဂလာကောင်းတွေ, ဖြစ်ပါစေ, နတ်တွေ စောင့်ပါစေ။
၂။ ဘုရား-တရား, သံဃာများ, စွမ်းအားတွေကြောင့်ပေ။
၃။ သတ္တဝါတွေဟာ, အမြဲသာ, ချမ်းသာကြပါစေ။

## ဘုရားဂုဏ်တော်နဲ့ သစ္စာဆိုပုံ

မဟာကရုဏာရှင် ဘုရားရှင်ဟာ သတ္တဝါအားလုံးတို့ရဲ့ အကျိုးစီးပွားအတွက် ပါရမီအားလုံးတို့ကို ဖြည့်ကျင့်ပြီး ထူးမြတ်တဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခဲ့ပါတယ်။ ဒီသစ္စာစကားကြောင့် သင့်မှာ အခါခပ်သိမ်း ချမ်းသာပါစေ။

## ဘုရားဂုဏ်တော်နဲ့ သစ္စာဆိုပုံ

၁။ ကရုဏာကြီးမား, မြတ်ဘုရား, ဖြည့်သွား ပါရမီ။
၂။ လုံးစုံ သတ္တဝါ, အကျိုးငှာ, ဖြည့်တာ ဖြစ်ပါသည်။
၃။ ပါရမီ ပြည့်ငြား, လောင်းဘုရား, ဘုရားဖြစ် ရောက်ပြီ။
၄။ ဒီသစ္စာကြောင့်သာ, အသင့်မှာ, ချမ်းသာမြဲပါစေ။

http://www.dhammadownload.com



## အောင်ဆုတောင်း

သာကီဝင်မင်းတွေရဲ့ အားရနှစ်သက်မှုကို တိုးပွားစေတတ်တဲ့ ဘုရားရှင်ဟာ ဗောဓိပင်အောက်မှာ မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့ပါတယ်။ အဲဒီလိုပါပဲ သင်ဟာ ဘေးရန်အားလုံးကို အောင်မြင်ပါစေ၊ အောင်မင်္ဂလာပွဲမှာ သင်ဟာ အောင်မြင်ပါစေ။

၁။ သာကီဝင်မင်းများ, နှစ်သက်အား, ဘုရား တိုးစေသည်။
၂။ ဗောဓိပင်အောက်မှာ, ဘုရားဟာ,
ငါးဖြာမာရ် အောင်သည်။
၃။ ထို့တူသင်ဟာ, ဘေးဖြာဖြာ, အောင်ကာ နိုင်ပါစေ။
၄။ အောင်မင်္ဂလာ, ပွဲတွေမှာ, သင်ဟာ အောင်ပါစေ။

## အောင်ဆုတောင်း

တစ်စုံတစ်ယောက်ကမှ အောင်နိုင်လို့မရလို့ အပ္ပရာဇိတာအမည်ရတဲ့ ပလ္လင်တော်ဟာ ဘုရားအားလုံးတို့ရဲ့ ဗုဒ္ဓါဘိသေက ခံယူရာဌာန ဖြစ်ပါတယ်။ တင့်တယ်လှပပေ ကောင်းမြတ်တဲ့မြေ ဖြစ်ပါတယ်။ မြေတွေ ရဲ့ အထွတ်အထိပ် ဖြစ်ပါတယ်။ အဲဒီပလ္လင်တော်မှာ ဘုရားအဖြစ်သို့ ရောက်တဲ့ ရှင်တော်ဘုရားဟာ အလွန်ရွှင်လန်းဝမ်းမြောက်တော်မူရသလို သင်လည်း အထက်တန်းရောက်ကာ ဝမ်းမြောက်ရွှင်လန်းပါစေ။

၁။ ပလ္လင်တော်က, ဘယ်သူမှ, အောင်ရ မရှိပြီ။
၂။ အဘိသိက်ခံရာ, တင့်တယ်ပါ, နေရာကောင်း ဖြစ်သည်။

http://www.dhammadownload.com



၃။ မြေတွေထဲမှာ, ထွက်ထိပ်မှာ, ဖြစ်ကာ နေပါသည်။
၄။ ထိုပလ္လင်မှာ, ဘုရားဟာ, လွန်စွာ ဝမ်းမြောက်သည်။
၅။ ထို့တူ သင်ဟာ, ထိပ်ရောက်ကာ, ဝမ်းသာရွှင်လန်းစေ။

## အကျင့် ကောင်းရင် အားလုံး ကောင်းတယ်

သုစရိုက်ကျင့်ရာ နေ့အခါဟာ ကောင်းတဲ့နက္ခတ်၊ ကောင်းတဲ့ မင်္ဂလာချည်းပါပဲ။ ကောင်းတဲ့ မိုးလင်းရခြင်း၊ ကောင်းတဲ့ အိပ်ရာထခြင်း၊ ကောင်းတဲ့ခဏ၊ ကောင်းတဲ့မုဟုတ်ချည်းပါပဲ။ အဲဒီသုစရိုက်ကျင့်ရာနေ့မှာ အကျင့်ကောင်းရှိသူတွေအား လှူရတဲ့ အလှူဟာ ကောင်းတဲ့ လှူဒါန်းပူဇော်ရခြင်းပါပဲ။

## အကျင့်ကောင်းရင် အားလုံး ကောင်းတယ်

၁။ သုစရိုက်ကျင့်ရာ, ချိန်ခါဟာ, ချိန်ခါကောင်း ဖြစ်သည်။
၂။ မင်္ဂလာကောင်း, နက္ခတ်ကောင်း,
ကောင်းကောင်း မိုးလင်းမည်။
၃။ ကောင်း အိပ်ရာထ, ကောင်း ခဏ,
ကောင်းစွ မုဟုတ် မည်။
၄။ ကျင့်ကောင်းသူအား, လှူရပြား,
လှူကား လှူကောင်းမည်။

## တရားကျင့်သူမှာ ကံအားလုံးကောင်း

သုစရိုက်ကျင့်ရာ နေ့အခါမှာ အဲဒီသူရဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု မှန်သမျှဟာ တိုးတက်ကြီးပွားကြောင်း

http://www.dhammadownload.com



အကောင်းအမြတ်ချည်းပါပဲ။ အဲဒီသုစရိုက်ကျင့်သူတွေရဲ့ ကံသုံးပါးဟာ ကြီးပွားတိုးတက်ကြောင်း ကောင်းမှုမှာ ထားတာမည်ပါတယ်။

## တရားကျင့်သူမှာ ကံ အားလုံး ကောင်း

၁။ ကျင့်ကောင်းနေ့မှာ, ကံ(၃)ဖြာ,
ကောင်းတာချည်း ဖြစ်သည်။

၂။ ကိုယ်ကံ-နှုတ်ကံ, စိတ်ကြံကံ, သုံးကံ ဖြစ်ပါသည်။

၃။ ထိုသုံးကံဟာ, တိုးတက်ရာ, ကောင်းမှုမှာ တည်သည်။

## ဆုတောင်း

တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်တဲ့ ကံသုံးပါးတွေကို ပြုလုပ်ပြီး ကောင်းမြတ်တဲ့ အကျိုးတွေကို ရရှိကြပါတယ်။ သင်တို့ဟာ ကောင်းကျိုးတွေကို ရရှိကြ၊ ချမ်းသာကြပြီး ဘုရားရှင့်သာသနာမှာ တိုးတက်စည်ကား ကြီးပွားကာ ဆွေမျိုးအပေါင်းနဲ့အတူ အနာရောဂါ ကင်းကြပါစေ၊ ချမ်းသာကြပါစေ။

## ဆုတောင်း

၁။ ကောင်းမြတ်ကံတွေ, ပြုပြီးချေ, ကောင်းပေ ကျိုးရသည်။

၂။ အသင်တို့က, ကောင်းကျိုး ရ, သုခ ရရှိမည်။

၃။ သာသနာမှာ, ကြီးပွားကာ, ဆွေညာတွေပါ ချမ်းသာစေ။

၄။ သာသနာမှာ, ကြီးပွားကာ, ဆွေညာတွေပါ ကျန်းမာစေ။

**ပုဗ္ဗဏှသုတ် ပြီးပါပြီ။**

http://www.dhammadownload.com

## ၁။ မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ

"မင်္ဂလာတရားကို နတ်လူအများ တစ်ဆယ့်နှစ်နှစ်ကြာအောင် စဉ်းစားခဲ့ကြသော်လည်း မသိရှိနိုင်ကြ၍ ဘုရား ဟောတော်မူရသည်" ဆိုသောစကားမှာ အတ္ထုပ္ပတ်အရပင် ဖြစ်သည်။ ထိုအတ္ထုပ္ပတ်ကား ဤသို့တည်း၊ မြတ်စွာဘုရား မင်္ဂလာတရား မဟောကြားမီ ရှေ့အဖို့ကပင် လောက၌ မင်္ဂလာပြဿနာ ပေါ်ပေါက်လျက်ရှိ၏။ လောက၌ နှစ်သက်ဖွယ် အကောင်းဟု အသိအမှတ်ပြုထားသော အာရုံများ ရှိခဲ့ရာ အချို့က မျက်စိဖြင့် မြင်ရသော နှစ်သက်ဖွယ် အဆင်းအာရုံများကို မင်္ဂလာဟု ဆို၏။ အချို့ကမူ နားဖြင့် ကြားရသော နှစ်သက်ဖွယ်အသံအာရုံများကို မင်္ဂလာဟု ဆို၍ အချို့ကသော် နှာခေါင်း၊ လျှာ၊ ကိုယ်တို့ဖြင့် တွေ့ရသော နှစ်သက်ဖွယ် အနံ့၊ အရသာ၊ အတွေ့များကို မင်္ဂလာဟု ဆို၏။ တစ်ဦးအယူအဆကို တစ်ဦးက လက်မခံ၊ တစ်ယောက်ကို တစ်ယောက် နားလည်အောင် မပြောနိုင်ဘဲ ငြင်းခုံမစဲဖြစ်ကာ ပြဿနာ မပြေဘဲ ရှိခဲ့ကြ၏။ ထိုမင်္ဂလာပြဿနာမှာ လူ၌သာမက နတ်ပြဟ္မာများသို့ပင် ဝယက်ရိုက်ကာ မင်္ဂလာကို စဉ်းစားကြရင်း နတ်ပြဟ္မာများ၌

http://www.dhammadownload.com



လည်း သုံးမျိုးကွဲခဲ့ရပေသည်။ ထိုပြဿနာမှာ တစ်ဆယ့်နှစ်နှစ် ကြာအောင် မပြေလည်ခဲ့သော ပြဿနာအဖြစ် တည်ရှိခဲ့၏။

တစ်ဆယ့်နှစ်နှစ် လွန်မြောက်သောအခါမှ တာဝတိံသာ နတ်တို့က သိကြားမင်းထံ ထိုပြဿနာတင်၍ အဖြေပေးရန် တောင်းပန်ခဲ့ကြသည်။ သိကြားမင်းလည်း ဘုရားထံ လျှောက်ထားရန် နတ်သားတစ်ဦးအား တာဝန်လွှဲအပ်ပြီးလျှင် မိမိနှင့်တကွ နတ်အများပါ မင်္ဂလာတရား နာရန် ဘုရားရှင်ထံ ရောက်လာကြ၏။ တာဝန်ပေးအပ်သော နတ်သား၏ လျှောက်ထားချက်အရ မင်္ဂလာတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

❒

http://www.dhammadownload.com

## ၂။ ရတနသုတ် ဖြစ်ပေါ်လာပုံ

စကြဝဠာ ကုဋေတစ်သိန်းက နတ်ဗြဟ္မာများ ရတနသုတ်၏ အာဏာအရှိန်အဝါကို ခံယူကြသည်ဆိုသဖြင့် ရတနသုတ်၏ အာနုဘော်သာ စကြဝဠာ ကုဋေတစ်သိန်း နှံ့သည်ဟု မမှတ်ရ။ အခြား ပရိတ်တော်များ၏ အရှိန်အဝါကိုလည်း ထိုခေတ်အတွင်းရှိ နတ်ဗြဟ္မာများ ခံယူကြသည်သာ။ ဤသို့ ပရိတ်တော်တို့၏ အစွမ်းရှိန်ဝါ နှံ့ရောက်ခြင်းမှာ ဘုရားရှင်၏ အာနုဘော်ကြောင့် ဖြစ်သည်။

ဤရတနသုတ်သည် ဝေသာလီပြည်၌ ဘေးကြီးသုံးပါးကို ပျောက်စေခဲ့ဖူးသည်ဟူသော စကားဖြင့် ရတနသုတ် ဖြစ်ပေါ်လာခြင်း အကြောင်းနိဒါန်းကို ညွှန်ပြ၏။ ဝေသာလီပြည်၌ မိုးခေါင်၍ ကောက်ပဲသီးနှံများ ပျက်စီးမှုကြောင့် အစာရှားပါးငတ်မွတ်ခြင်းဘေး ကြုံရသောအခါ ဆင်းရဲသားများစွာ သေကျေပျက်စီးရ၏။ လူသေကောင်တွေ မြို့ပြင် ပစ်ထားကြရာ ထိုလူသေနံ့များကြောင့် မြို့တွင်းသို့ ဘီလူးများ ဝင်ရောက်ခဲ့၍ လူများ ပိုမိုသေဆုံးကြရပြန်၏။ မကောင်းသော အနံ့ဆိုးများ

http://www.dhammadownload.com



ကြောင့် ပလိပ်ရောဂါ စသည်ကဲ့သို့ ကူးစက်ပြန့်ပွားတတ်သော အဟိဝါတရောဂါတစ်မျိုး ဖြစ်လာပြန်၍ အများအပြား ပျက်စီးကြရ၏။ ထိုအခါ လူအများသည် ငါတို့ပြည်မှာ မင်းခုနစ်ဆက်တိုင်အောင် ဤကဲ့သို့ မကြုံစဖူးခဲ့။ ဘုရား၊ တရား မစောင့်သောကြောင့် ဖြစ်လေသလောဟု ဘုရင့်ထံ လျှောက်ထားကြသော် ဘုရင်လည်း ပရိသတ်စည်းဝေးစေ၍ မိမိအပေါ် အပြစ်ရှာစေ၏။ ဘုရင်၌ မည်သည့်အပြစ်မှ မတွေ့ရသောကြောင့် ဘယ်နည်းဘယ်ပုံ ပြုရမည်ကို တိုင်ပင်ဆွေးနွေးကြသော် အချို့က တိတ္ထိဆရာကြီးခြောက်ယောက်တို့အား ပင့်ရန် အကြံပေးကြ၍ အချို့က ဘုရားရှင်ကိုပင့်ရန် အကြံပေးကြသည်။ ဘုရားရှင်ကို ပင့်ရန် အားလုံး သဘောတူကြပြီးလျှင် လိစ္ဆဝီမင်းနှစ်ပါးအား နောက်ပါများနှင့်အတူ စေလွှတ်လျှောက်ထားစေခဲ့ရာ ဘုရားရှင်လည်း ဝေသာလီပြည်သို့ ကြွတော်မူခဲ့၏။ ဘုရားရှင်ဆိုက်ရောက်သောအခါ သိကြားမင်းနှင့်တကွ တန်ခိုးကြီးနတ်များလည်း ရောက်လာ၍ ဘီလူးများ အများအပြား ထွက်ပြေးကြရ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ရတနသုတ်ကို သင်ပေး၍ ရွတ်ဆိုစေခဲ့ရာ ဝေသာလီပြည် တံတိုင်းသုံးထပ်တို့ အကြားဝယ် ညဥ့်သုံးယာမ်ပတ်လုံး အရှင်အာနန္ဒာ၏ ရွတ်ဆိုမှုကြောင့် ဘီလူးများ အကုန် ထွက်ပြေးကြ၏။ ဘီလူးများ ကုန်လျှင်ပင် လူတွေအားလုံး ရောဂါ ပျောက်ငြိမ်းခဲ့ရာ

http://www.dhammadownload.com



လူတွေအားလုံး ထွက်လာပြီးလျှင် မြို့နယ်လွှတ်ရုံးကို မွမ်းမံပြင်ဆင်ကာ ဘုရားရှင်ကို ပင့်ဆောင်ကြ၏။ ဘုရားရှင်လည်း ထိုလွှတ်ရုံး၌ စုဝေးလာရောက်ကြသော လူနတ်ပရိသတ်တို့အား ရတနသုတ် ပရိတ်တော်ကိုပင် ဟောကြားတော်မူခဲ့ပေသည်။

□

http://www.dhammadownload.com

## ၃။ မေတ္တာသုတ်ဖြစ်ပေါ်လာပုံ

မေတ္တာသုတ်အာနုဘော်ကြောင့်နတ်အများတို့ကြောက်မက်ဖွယ် အာရုံကို မပြနိုင်ဟူသော အကျိုးကား မေတ္တာသုတ်အဖွင့် အဋ္ဌကထာများလာ ဝတ္ထုအရ အကျိုးပြပင် ဖြစ်၏။ အခါတစ်ပါး ရဟန်းငါးရာတို့သည် ဘုရားမြတ်ထံမှ ကမ္မဋ္ဌာန်း ယူပြီးလျှင် ဟိမဝန္တာနှင့် တစ်စပ်တည်းတည်နေသော တောအုပ်တစ်ခုသို့ ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရား အားထုတ်နေကြ၏။ ထိုရဟန်းတော်တို့၏ သီလတန်ခိုးကြောင့် သစ်ပင်များရှိ နတ်များမှာ သစ်ပင်၌ မနေဝံ့ကြဘဲ ကလေးများကို လက်ဆွဲကာ လှည့်လည်နေကြကုန်၏။ တစ်နေ့ ပြန်နိုးနိုး စောင့်နေခဲ့ရာ အရှင်များ မပြန်တော့မည်ကို သိရ၍ မနေဝံ့အောင် ညဉ့်အခါ ကြောက်မက်ဖွယ် အဆင်းအသံများ ပြကာ ခြောက်လှန့်ကြတော့သည်။ ထိုအကြောင်းကြောင့် ရဟန်းများ ထိတ်လန့်ကြ၍ ရောဂါအမျိုးမျိုး ရကာ သမာဓိမရ ဖြစ်ကြရာ မိမိတို့ ဤအရပ်မှာ မနေသင့်ဟု ဆုံးဖြတ်ပြီးလျှင် ဘုရားရှင်ထံ ကြွရောက်၍ ဤအကြောင်းကို လျှောက်ထားကြ၏။ မြတ်စွာဘုရား လည်း ဤရဟန်းများ ထိုနေရင်းအရပ်မှ လွဲ၍

http://www.dhammadownload.com



သပ္ပါယဖြစ်ရာ အခြား အရပ်မရှိဟု မြင်တော်မူ၍ ထိုအရပ်သို့ပင် ပြန်လည်နေကြရန် မိန့်တော်မူပြီးလျှင် ဤမေတ္တသုတ်ကို ကမ္မဋ္ဌာန်းအလို့ငှာလည်းကောင်း၊ အကာအကွယ် အရံအတားအလို့ငှာလည်းကောင်း သင်ကြားပေးအပ်တော်မူခဲ့၏။

ရဟန်းတော်များလည်း ပြန်လာကြပြီးလျှင် ဘုရားရှင်သင်ပေး ညွှန်ကြားအပ်သည့်အတိုင်း မေတ္တသုတ်ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာကို ပွားများကြရာ နတ်အများက ချစ်မြတ်နိုးကြလျက် ဝတ်ကြီး ဝတ်ငယ်များပင် ပြုလုပ်စောင့်ရှောက်ကြ၏။ ထိုရဟန်းများလည်း မေတ္တာဘာဝနာပွား၍ ထိုမေတ္တသုတ် ကို အခြေခံကာ ဝိပဿနာအား ထုတ်ခြင်းဖြင့် ရဟန္တာအဖြစ်သို့ အားလုံး ရောက်ကြလျက် မဟာပဝါရဏာနေ့၌ ဝိသုဒ္ဓိပဝါရဏာကို ပြုကြရကုန်သတည်း။

❒

http://www.dhammadownload.com

## ၄။ ခန္ဓသုတ်ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါး မြွေကိုက်ခံရ၍ လျှောက်ထားသော အခါ ထိုရဟန်းမှာ ဝိရူပက္ခ စသော နဂါးမျိုးတို့အား မေတ္တာ မပို့၍ အကိုက်ခံရခြင်းဖြစ်ကြောင်း အကယ်၍ မေတ္တာပို့လျှင် အကိုက်ခံရမည် မဟုတ်ကြောင်း မိန့်တော်မူ၍ မိမိကိုယ်ကို စောင့်ရှောက်ဖို့ မိမိ၏လုံခြုံရေး၊ မိမိ၏အကာအကွယ် အစောင့်အရှောက်ဖြစ်ရေးအတွက် ပရိတ်အရံအတားကို ခွင့်ပြု တော်မူခဲ့၏။ ထိုအရံအတားပြုပုံကို ဝိရူပက္ခေဟိ စသည်ဖြင့် ဟောတော်မူသည်။

**(အင်္ဂုတ္တရ ပ၊ ၃၈၄၊ စူဠဝဂ္ဂ၊ ၂၄၅)**

❑

http://www.dhammadownload.com

# ၅။ မောရသုတ် ဖြင့်ပေါ်လာပုံ

မောရသုတ်ဖြင့် အကာအကွယ်ပြုထားသော ဘုရားအလောင်း ဥဒေါင်းမင်းကို မုဆိုးတို့ မဖမ်းနိုင်ဟူသော စကားမှာ ဒုကနိပါတ် မောရဇာတ် အဋ္ဌကထာလာ အတ္ထုပ္ပတ္တိအရပင် (ဇာတက၊ ၄၊ ၂၊ ၂၉) ဘုရားအလောင်းတော်သည် ဥဒေါင်းမင်းဖြစ်စဉ်အခါ ဟိမဝန္တာတော ဒဏ္ဍက ဟိရညတောင်၌ နေ၏။ ဥဒေါင်းမင်းသည် နေထွက်ချိန်တွင် နေကို ကြည့်ကာ "ဥဒေတယံ" စသော ဂါထာကို ရွတ်ပြီးလျှင် အစာရှာထွက်၍ အစာရှာရာမှ ပြန်လာသောအခါ တောင်ပေါ်မှ နေလျက်ဝင်သော နေကို ကြည့်ကာ "အပေတယံ" စသော ဂါထာကို ရွတ်သည်။ ဤပရိတ်တန်ခိုးကြောင့် ဘုရားအလောင်းမှာ ကြောက်လန့်ခြင်း၊ ကြက်သီးထ ခြင်းများ မရှိခဲ့ပေ။

ဗာရာဏသီအနီး မုဆိုးရွာမှ မုဆိုးတစ်ယောက်သည် ဟိမဝန္တာ၌ တောလည်စဉ် ဥဒေါင်းမင်းကို တွေ့ခဲ့၍ မိမိသားအား ပြောထားခဲ့လေသည်။ တစ်နေ့ ဗာရာဏသီမင်း၏ မိဖုရား ခေမာဒေဝီသည် ရွှေဥဒေါင်း တရားဟောသည်ကို နာရသည်ဟု အိပ်မက်မြင်မက်၍ ရွှေဥဒေါင်း တရားနာလိုကြောင်း ဘုရင်အား လျှောက်၏။ ဘုရင်လည်း မုဆိုးတို့ကို

http://www.dhammadownload.com



စုံစမ်းရာ ဖခင်ထံမှ ကြားရသော မုဆိုးက ဒက္ခကဟိရည တောင်ဝယ် ရွှေဥဒေါင်းရှိကြောင်း လျှောက်တင်သော် သူ့ကို ပင် ထိုရွှေဥဒေါင်းကို ဖမ်းယူခဲ့ရန် တာဝန်ပေးအပ်လေသည်။

မုဆိုးလည်း ဟိမဝန္တာသို့ သွား၍ ဥဒေါင်းမင်း အစာရှာ ရာ မြေပြင်တစ်ဝိုက်၌ ကျော့ကွင်းထောင်၍ ဖမ်းသော်လည်း ခုနစ်နှစ်ကြာ၍ မုဆိုးသာ တောထဲ၌ သေဆုံးခဲ့၏။ ဥဒေါင်းမင်း ကိုကား အမိမဖမ်းနိုင်ခဲ့ပေ။ ခေမာမိဖုရားလည်း လိုရာမရ၍ နတ်ရွာစံခဲ့ရ၏။ ဘုရင်လည်း မိဖုရား ဆုံးရသဖြင့် ဥဒေါင်းမင်း ကို စိတ်နာသောကြောင့် "ဟိမဝန္တာ ဒက္ခကဟိ ရည‌တောင် က ရွှေဥဒေါင်းမင်း အသားစားရသူမှာ မအို မသေနိုင်" ဟု ရွှေပြားပေါ်တွင် အက္ခရာရေးထိုးစေပြီး မကြာခင် နတ်ရွာစံ လေ၏။ ထိုစာကို မြင်ရသော နောက်မင်းများသည် မုဆိုးများ ကို လွှတ်ကာ ဖမ်းစေခဲ့သော်လည်း မရ၊ မင်းခြောက်ဆက် တိုင်တိုင် လွန်ခဲ့လေသည်။ ခုနစ် ဆက်မြောက်မင်းလက်ထက် ၌ လွှတ်အပ်သော မုဆိုးသည် အကြံရကာ ဥဒေါင်းပျိုမကို သင်ပြီးလျှင် 'မ' သံ ပေးစေ၏၊ 'မ' သံကြားသော ဘုရား အလောင်းသည် ပရိတ်ရွတ်ရန် သတိမရဘဲ သွားမိရာ ကျော့ကွင်း၌ အမိခံရတော့သည်။

မုဆိုးလည်း ဥဒေါင်းမင်းကို ယူဆောင်ကာ ဘုရင့်ထံ ဆက်သောအခါ ဥဒေါင်းမင်းက မိမိအား ဖမ်းခြင်းအကြောင်း ကို မေး၏။ ဥဒေါင်းမင်း အသားစားရသူမှာ မအိုမသေနိုင် ဆို၍ ဖမ်းရခြင်းဖြစ်ကြောင်း ပြော၏။ "အရှင်မင်းကြီး၊

http://www.dhammadownload.com



အကျွန်ုပ်ကား မသေရပြီလော” “ဥဒေါင်းမင်းကား သေရမည် ဖြစ်ပါသည်။” “အကျွန်ုပ် သေရလျှင် ကျွန်ုပ်အသားစားရသူမှာ ဘာကြောင့် မသေဘဲ ရှိရမည်နည်း”။ “ဥဒေါင်းမင်းက ရွှေအဆင်းရှိသောကြောင့် ဖြစ်ပါသည်။”

“မင်းကြီး၊ ကျွန်ုပ် ရွှေအဆင်းရှိခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ရှေးအခါ စကြာမင်းဖြစ်စဉ် မိမိလည်း ငါးပါးသီလ ကျင့်သုံး၍ လူအားလုံးတို့ကိုလည်း ကျင့်သုံးစေသောကြောင့် ဖြစ်ပါသည်” ဟု ပြောဆို၍ စကြာမင်းဖြစ်စဉ်က ရထားမှာ ဤမင်္ဂလာကန်တော်ထဲ၌ ရှိကြောင်း ပြောဆို၍ ထုတ်ဖော်စေသောအခါ မင်းကြီးလည်း ယုံကြည်လာ၏။ ထို့နောက် မင်းကြီးအား တရားဟောကာ ဟိမဝန္တာသို့ ပြန်လေသည်။

❒

http://www.dhammadownload.com

## ၆။ ဝဋ္ဋသုတ် ဖြစ်ပေါ်လာပုံ

ဤသုတ်ကို အရှင်သာရိပုတ္တရာမထေရ်မြတ်အား ဟောသည်ဆိုခြင်းမှာ စရိယာပိဋကဒေသနာကို ရည်သည်။ ဇာတကဒေသနာအရ အခြားရဟန်းတော်များကိုလည်း ဟောသေးသည်ဟု သိရသည်။ သို့သော် ဝဋ္ဋသုတ်လာ ဂါထာအကုန်ကား မဟုတ် "သန္တိ ပက္ခာ အပတနာ" စသော သစ္စာပြုတစ်ဂါထာသာတည်း။

အခါတစ်ပါး မြတ်စွာဘုရားသည် ရဟန်းတော်များနှင့် အတူ မဂဓတိုင်း၌ ဒေသစာရီကြွချီခဲ့ရာ တစ်ခုသော အရပ်၌ မီးအကြီးအကျယ် လောင်နေသည်နှင့် ကြုံရ၏။ ထိုမီးကြီးကား ဘုရားရှင်ထံ ရောက်မလာဘဲ ဘုရားရှိရာအရပ်မှ ပတ်ပတ်လည် တစ်ဆယ့်ခြောက်ပယ်အရပ်က ရှောင်ကွင်းရာ ရဟန်းများက တအံ့တဩ ချီးမွမ်းပြောဆိုကြ၏။ ထိုအခါ ဘုရားရှင်က "ဤအရပ်ကို မီးကွင်းခြင်းမှာ ငါ၏ ယခု ဘဝအစွမ်း မဟုတ်။ ငါ၏ ရှေးအခါက သစ္စာစွမ်းအားသာ ဖြစ်သည်။ ဤအရပ်ကား တစ်ကမ္ဘာလုံး မီးလောင်တော့မည်မဟုတ်။ ကပ္ပဋ္ဌိတိ တန်ခိုးပြာဋိဟာ ဖြစ်သည်" ဟု မိန့်တော်မူပြီးလျှင်

http://www.dhammadownload.com



မိမိငုံးမင်းဖြစ်စဉ်က ဤအရပ်၌ တောမီးလောင်ရာ မိဘတွေ စွန့်ခွာသွား၍ တစ်ဦးတည်း ခိုကိုးရာမဲ့ကာ ကြံရာမရ ဖြစ်နေသော အလောင်းတော်ငုံးမင်းသည် နောက်မှ အကြံရပြီးလျှင် "သန္တိပက္ခာ အပတနာ" စသော သစ္စာကိုပြုသောအခါ တောမီးမှာ ရှောင်ခွာ အေးငြိမ်းသွားကြောင်း ဟောတော်မူသည်။ ငုံးမင်းသစ္စာပြု၍ မီးငြိမ်းခဲ့ရသော အရပ်မှာ ဤကမ္ဘာအတွင်း ဘယ်အခါမျှ မီးလောင်တော့မည် မဟုတ်။ "ကပ္ပ ဋ္ဌာယီ မဟာတေဇံ" ဟု ချီးကျူးခဲ့ခြင်းဖြစ်သည်။

(ဇာတကဋ္ဌ- ၀ - ၂၂၈)

❒

http://www.dhammadownload.com

## ၇။ ဧဝင်္ဂသုတ် ဖြစ်ပေါ်လာပုံ

"ဧဝံ မေ သုတံ" စသည်ကား ဘုရားဟော မဟုတ်သေး။ ပထမ သံဂါယနာတင်စဉ်က အရှင်အာနန္ဒာ၏ လျှောက်ထားချက်ကို နိဒါန်းအဖြစ် မှတ်တမ်းတင်ထားခြင်းသာ။ အခြားပရိတ်များမှာ ဆိုင်ရာအကြောင်း အတ္ထုပ္ပတ်အရ ဟောကြားခဲ့သော်လည်း ဤဓဇဂ္ဂပရိတ်၌ ထိုသို့သော အကြောင်းမရှိ။ မိမိအလိုတော်အတိုင်း ဟောတော်မူခြင်း ဖြစ်သည်။ မိမိအလိုတော်အရ ဟောသောဒေသနာများ၌ ရှေးဦးစွာ "ဘိက္ခဝေါ" ဟု ခေါ်တော်မူလေ့ရှိ၏။ ထိုသို့ ခေါ်ခြင်းမှာ ကြံတွေး စဉ်းစား စိတ်တခြားရောက်နေသော ရဟန်းများ၊ တရားဆင်ခြင်နေသော ရဟန်းများ၊ ကမ္မဋ္ဌာန်းနှလုံးသွင်းနေသော ရဟန်းများ ရှိတတ်ရာ ထိုရဟန်းများ တရား၌ သတိဖြစ်စေဖို့ပင် ဖြစ်သည်။

❒

http://www.dhammadownload.com

## ၈။ အာဋာနာဋိယသုတ် ဖြစ်ပေါ်လာပုံ

သာသနာမကြည်ညိုကြသော ဘီလူးတို့က ပရိသတ်လေးပါးကို မညှဉ်းဆဲရေး၊ စောင့်ရှောက်ရေးအတွက် အာဋာနာဋိယသုတ်ကို ဘုရားဟောတော်မူသည်ဆိုသော စကားမှာ အာဋာနာဋိယသုတ် နိဒါန်းအရဆိုသော စကားတည်း။ အာဋာနာဋိယသုတ်ကား ဝေဿဝဏ်နတ်မင်းကြီး ဘုရားရှင်အား လျှောက်ထားချက် ဖြစ်သည်။ ဘုရားရှင်က လက်ခံတော်မူကာ ရဟန်းများအား ပြန်လည်ဟောကြား၍ "ယံ ဒေသေတိ မဟာဝီရော" ဟု ဆိုသည်။

အခါတစ်ပါး စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် နတ်စစ်သည်များနှင့်အတူ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသော ဘုရားရှင်ထံ သန်းခေါင်ယံအချိန်မှာ ရောက်လာကြ၏။ ဝေဿဝဏ်နတ်မင်းကြီးသည် ဘုရားရှင်အား ဤသို့ လျှောက်ထား၏။ "မြတ်စွာဘုရား၊ လောက၌ ဘုရားအား ကြည်ညိုသော နတ်ဘီလူး၊ မကြည်ညိုသော နတ်ဘီလူး အမျိုးမျိုး ရှိပါသည်။ မကြည်ညိုသော နတ်

http://www.dhammadownload.com



ဘီလူးများက များပါသည်။ အကြောင်းမှာ ဘုရားရှင်က ပါဏာတိပါတ စသော မကောင်းမှုမှ ရှောင်ရန် ဟော၏။ သူတို့က ထိုမကောင်းမှုများကို မရှောင်ကြ။ မကောင်းမှုမှ ရှောင်ရန်စကားကို သူတို့ မကြိုက် မလိုလားသောကြောင့်ပင် ဖြစ်ပါသည်။ တောအုံချုံကြား အစွန်အဖျားကျသော နေရာများ၌ ရဟန်းများ နေကြရာ ထိုအရပ်မှာ သာသနာ မကြည်ညို သော နတ်ဘီလူးများ ရှိနေကြ၍ ထိုဘီလူးတို့ ကြည်ညိုကြ ရန် ပရိသတ်လေးပါးကို မညှဉ်းဆဲကြ၊ စောင့်ရှောက်ကြရန် အာဋာနာဋိယမည်သော အကာအကွယ် အစောင့်အရှောက် ကို ခံတော်မူပါ" ဟု လျှောက်သော် မြတ်စွာဘုရားလည်း လက်ခံတော်မူ၏။ ထို့နောက် ဝေဿဝဏ်နတ်မင်းကြီးသည် " ဝိပဿိဿ စ နမတ္ထု " စသည်ဖြင့် လျှောက်ထားခဲ့သည်။

❐

http://www.dhammadownload.com

## ၉။ အင်္ဂုလိမာလသူတော် ဖြစ်ပေါ်လာပုံ

အင်္ဂုလိမာလမထေရ်ကား ကောသလမင်းကြီး၏ ပုရောဟိတ်၏ ဇနီး မန္တာဏီပုဏ္ဏေးမမှ ဖွားမြင်၍ ငယ်မည်မှာ "အဟိံသက" ဖြစ်၏။ သူမွေးဖွားချိန်၌ တစ်ပြည်လုံးရှိ လက်နက်တွေ ပြောင်ပြောင်တောက်၍ ဖခင် ပုရောဟိတ်က စောရ ဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်၏။ အရွယ်ရောက်သောအခါ တက္ကသိုလ်ဆရာကြီးထံ သွားရောက်ပညာသင်ရာ ဆရာကြီး အလွန်အရေးပေး၍ တပည့်များက မနာလိုဖြစ်ကာ ဆရာကတော်အား ပြစ်မှားနေကြောင်း ဆိုကြ၏။ ဆရာကြီးသည် အစ၌ မယုံသော်လည်း ပြောပါများသော် ယုံကြည်လာ၍ အဟိံသကကို သေစေရန် ဥပါယ်တံမျဉ်ဖြင့် "သင်၏ အတတ်ပညာပြီးမြောက်ရေးတွင် အကူအပံ့ရစေရန် ခရီးသွား လူတစ်ထောင်အထိ သတ်ရမည်" ဟု ပြောဆို၏။ မိမိမှာ သူတစ်ပါးကို မညှဉ်းဆဲသော အမျိုး၌ ဖြစ်၍ မလုပ်နိုင်ကြောင်း ငြင်းဆန်သော်လည်း "ထိုကဲ့သို့ မလုပ်လျှင် သင်သည် အတတ်၏အကျိုးကို ခံစားရလိမ့်မည် မဟုတ်" ဟုဆို၏။ အဟိံသကလည်း တောထဲဝင်၍ လူတွေကို သတ်ရာ ဘယ်မျှဟု

http://www.dhammadownload.com



မမှတ်မိသဖြင့် လက်ညှိုးများကို ဖြတ်ယူ၍ထား၏။ လက်ညှိုးများ ပျောက်ကုန်ပြန်သဖြင့် တစ်ဖန် လက်ညှိုးများကို ဖောက်သီပြီးလျှင် ပန်းကုံးပြု၍ ဆွဲထား၏။ ထိုအခါမှစ၍ အင်္ဂုလိမာလ (လက်ညှိုးပန်းရှိသူ) အမည်ဖြင့် ထင်ရှား၏။

တောထဲသို့ လူများ မသွားဝံ့ဖြစ်ရာ ညအခါ ရွာထဲဝင်၍ အိပ်နေသော လူများကို သတ်ပြီး ဆွဲသွားသဖြင့် မြို့ရွာတွေ တုန်လှုပ်ချောက်ချားရသည်။ မိခင်က ဖျောင်းဖျပြောဆိုရန် တောထဲသို့ ထွက်လာ၏။ ထိုအခိုက် ဘုရားရှင်ကလည်း လောကကို ကြည့်သောအခါ "ယနေ့ ငါ သွားလျှင် အင်္ဂုလိမာလ အကျိုးရှိလိမ့်မည်။ ငါ မသွားလျှင် မိခင်ကို သတ်၍ ကယ်မရအောင် ဆုံးရှုံးလိမ့်မည်" ဟု မြင်တော်မူ၍ တောထဲသို့ ကြွတော်မူသည်။ တစ်ထောင်ပြည့်ရန် တစ်ဦးသာ လိုတော့သဖြင့် လက်ဦးတွေ့သူကို သတ်ရန် ကြံထားသော အင်္ဂုလိမာလသည် ဘုရားရှင်ကို တွေ့သော် အပြေးလိုက်တော့သည်။ ဘုရားရှင်၏ တန်ခိုးတော်အရ လိုက်၍မမီဘဲ ရှိသောအခါ လွန်စွာ အံ့ဩခြင်းဖြစ်၍ "ရဟန်း ရပ် ရပ်" ဟု ဆို၏။ "ငါ ရပ်နေသည် အင်္ဂုလိမာလ၊ သင်သာလျှင် ရပ်လော့" ဟု မိန့်သော် "ရဟန်းဆိုသည်မှာ အမှန်ပြောလေ့ရှိ၏။ ဤရဟန်းကား သွားနေလျက် ရပ်သည်ဟု ဆို၏။ အကြောင်းကို မေးဦးမှပဲ" ဟု မေးလျှောက်၏။ "ငါကား သတ္တဝါများကို ညှဉ်းဆဲရန်အတွက်ဖြစ်သည့် တုတ်၊ လက်နက်တို့ကို ပယ်ထားချထား

http://www.dhammadownload.com



သူဖြစ်ရာ ရပ်နေသူ ဖြစ်သည်။ သင်ကား သတ္တဝါတို့ကို ညှဉ်းဆဲသူဖြစ်၍ မရပ်သူ ပြေးသူ ဖြစ်၏”ဟု ဟောတော်မူရာ သတိတရားရကာ ရဟန်းအဖြစ် တောင်းပန်လေတော့သည်။ ဘုရားရှင်၏ “ဧဟိ ဘိက္ခု” ဟု ခေါ်တော်မူချက်အရ ရဟန်းဖြစ်လေသည်။

တစ်နေ့ ဆွမ်းခံကြွသောအခါ သားမဖွားနိုင်သော မိန်းမတစ်ယောက်ကို မြင်ရ၍ ကရုဏာဖြစ်ကာ ဘုရားရှင်အား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက ထိုမိန်းမထံသွားပြီးလျှင် “ယတောဟံ ဘဂိနိ” စသည်ဖြင့် သစ္စာဆိုရန် သင်ပေးတော်မူရာ ဘုရားအမိန့်တော်အတိုင်း သွား၍ ဆိုသဖြင့် ထိုမိန်းမ၏ကိုယ်ဝန်မှာ ချက်ချင်း သက်သာလွယ်ကူစွာ ဖွားမြင်လာရသည်။

❐

http://www.dhammadownload.com

## ၁၀။ ဗောဇ္ဈင်သုတ် ဖြစ်ပေါ်လာပုံ

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်အနီး ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသော အရှင်မဟာကဿပ မကျန်းမမာ ဖြစ်ရာ ဘုရားရှင် ကြွတော်မူပြီးလျှင် ဗောဇ္ဈင်ခုနစ်ပါးတရားကို ဟောတော်မူ၏။ ထိုတရားဖြင့်ပင် အရှင်၏ရောဂါမှာ ချက်ချင်း ပျောက်ရတော့သည်။ ထိုတရားကို နာရသော အရှင်မြတ်အား "ငါကား ရဟန်းပြု၍ ခုနစ်ရက်မြောက်၌ သစ္စာတို့ကို သိရသောအခါ ဤဗောဇ္ဈင်တရားများ ထင်ရှားဖြစ်လာခဲ့ဖူး၏။ ဘုရားသာသနာကား ဝဋ္ဋဒုက္ခမှ လွတ်မြောက်ရေး အစစ်တကယ် ဖြစ်ပါပေသည်" ဟု အကြံဖြစ်ရာ ကိုယ်မှ အသွေးများ ကြည်လင် ဥပါဒါရုပ်များ စင်ကြယ်လာမှုကြောင့် ကြာဖက်၌ကျသော ရေပေါက်ပမာ ရောဂါကိုယ်မှ ခွာပျောက်ခဲ့ရသည်။ ထို့အတူ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသော အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ် မကျန်းမာစဉ် ဗောဇ္ဈင်သုတ်ကိုပင် ဘုရားရှင် ဟောတော်မူရာ အရှင်၏ရောဂါမှာ ချက်ချင်း ယူပစ်သလို ပျောက်ကင်းခဲ့ရဖူးသည်။

❒

http://www.dhammadownload.com

## ၁၁။ ပုဗ္ဗဏှသုတ် ဖြစ်ပေါ်လာပုံ

ဤပုဗ္ဗဏှသုတ်၌ နောက်ဆုံး "သုနက္ခတ္တံ" စသော သုံးဂါထာခွဲကား (အံ ၁၊ ၂၉၉) ပုဗ္ဗဏှသုတ်လာ ဘုရားဟောဂါထာများ ဖြစ်သည်။ ကျန်ဂါထာများတွင် 'ယံ ကိဉ္စိ ဝိတ္တံ' စသော ပထမဂါထာကလည်း သုတ္တ နိပါတ် ရတနသုတ်လာ ဘုရားဟောဂါထာပင်တည်း။ ကြွင်းဂါထာများကား ဘုရားဟော မဟုတ်။ ရှေးဆရာတို့ စီစဉ်ထားခြင်း ဖြစ်သည်။ ပုဗ္ဗဏှသုတ်လာဂါထာများကို အစွဲပြု၍ တစ်သုတ်လုံးကို ပုဗ္ဗဏှသုတ်ဟုပင် ခေါ်ကြ၏။ ပုဗ္ဗဏှသုတ်ဟူသော အမည်အားလျော်စွာ နံနက်ခါ ရွတ်ဆိုကြရန် သတ်မှတ်ထားကြောင်း ဆိုရိုးရှိသည်။ သို့သော် နံနက်အခါသာ ရွတ်သင့်ရွတ်ထိုက်သည်ဟု တစ်ယစ်ချမှတ်ရန်ကား မဟုတ်။ မည်သည့်အချိန်အခါမဆို ရွတ်လိုက ရွတ်နိုင်ရန် အကျိုးရှိသည်ဟုသာ မှတ်သင့်သည်။

**(ပရိတ် ၁၁ သုတ်ဖြစ်ပေါ်လာပုံစကားရပ်တွေကိုသပြေကန် ပရိတ်ကြီး နိဿယသစ်စာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။)**

**သာမဏေကျော်**

**သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်**

**လှော်ကားဉယျာဉ်အနီး**

**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။**

**ဝါခေါင်လဆန်း ၄ ရက်၊ ၁၃၆၈ - ခု**

**၂၈-၇-၂၀၀၆**